မြန်မာ့အလင်း

၁၉၁၄ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၇၃ ခုနှစ်၊ ဝါဆိုလပြည့်ကျော် ၅ ရက်၊ ၂၀၁၁ ခုနှစ်၊ ဇူလိုင် ၂၀ ရက်၊ ဗုဒ္ဓဟူးနေ့၊ အတွဲ (၅၀)၊ အမှတ် (၂၈၈)

နိုင်ငံရေး ဦးတည်ချက် (၄)ရပ်	စီးပွားရေး ဦးတည်ချက် (၄)ရပ်	လူမှုရေး ဦးတည်ချက် (၄)ရပ်
* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး * အမျိုးသား စည်းလုံးညီညွတ်မှု ခိုင်မာရေး * စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး * ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီ ဖွံ့ဖြိုး တိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး	* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံ ထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး * ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး * နိုင်ငံတော်၏ စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး	* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး * အမျိုးဂုဏ် ဇာတိဂုဏ် မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး * စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး * တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ အခမ်းအနားကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ရှိ အာဇာနည်ဗိမာန်၌ ကျင်းပရာ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် တက်ရောက်၍ ကျဆုံးလေပြီးသော ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချခြင်း၊ အလေးပြုခြင်းနှင့် မေတ္တာပို့အမျှဝေခြင်းများ ဆောင်ရွက်သည်။

တက်ရောက်

အဆိုပါအခမ်းအနားသို့ ၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ တွဲဖက်အတွင်းရေးမှူး ဦးကျော်စိုးနှင့် ကျင်းပရေးလုပ်ငန်းကော်မတီဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဂုဏ်ပြုတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့နှင့် မီးသတ်တပ်ဖွဲ့တို့မှ အရာရှိကြီးများ တက်ရောက်ကြသည်။

အစီအစဉ်အရ ရန်ကုန်မြို့တော်ဝန် ဦးလှမြင့်သည် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုသည်။

မေတ္တာပို့အမျှဝေ

ယင်းအချိန်တွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အလံကို တိုင်ဝက်သို့ လျှော့ချလွှင့်ထူကာ ဂုဏ်ပြုတပ်ဖွဲ့ဝင်များက သေနတ်မြောက် အလေးပြုခြင်း၊ စစ်ခရာအဖွဲ့က ကျဆုံးရဲဘော် အလေးပြု ခရာမှုတ်ခြင်း၊ ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများအား ရည်စူး၍ မေတ္တာပို့အမျှဝေပြီး နှစ်မိနစ်ငြိမ်သက်စွာနေခြင်းတို့ကို ဆောင်ရွက်ကြသည်။

ယင်းနောက် အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုဝင်များသည် ဂူဗိမာန်များ၌ လွမ်းသူ့ပန်းခွေချ အလေးပြု၍ ကန်တော့ကြရာ ရှေးဦးစွာ ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သားကြီးဖြစ်သူ ဦးအောင်ဆန်းဦးနှင့် ဇနီး ဒေါ်လဲ့လဲ့နွယ်သိန်းတို့က လွမ်းသူ့ပန်းခွေချ၍လည်းကောင်း၊ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်က လွမ်းသူ့ပန်းခြင်းချ၍လည်းကောင်း အလေးပြုပြီးကန်တော့ကာ မေတ္တာပို့ အမျှပေးဝေကြသည်။

စာမျက်နှာ ၃ ကော်လံ ၅ ◆

၂၀၁၁ ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့ကျင်းပရေး ဦးစီးကော်မတီဥက္ကဋ္ဌ ရန်ကုန်မြို့တော်ဝန်၊ ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးဌာန ဝန်ကြီး ဦးလှမြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုစဉ်။ (သတင်းစဉ်)

မိုးရေချိန် စံချိန်သစ်

နေပြည်တော် ဇူလိုင် ၁၉

ယနေ့နံနက် ၉ နာရီခွဲအချိန် တိုင်းထွာချက်များအရ အောက်ဖော်ပြပါ စခန်းများ၌ ဇူလိုင်လ၏ ၂၄ နာရီအတွင်း ရွာသွန်းခဲ့သော မိုးရေချိန် စံချိန်သစ်များကို တိုင်းထွာရရှိသည်။

စဉ်	စခန်းအမည်	မိုးရေချိန် စံချိန်သစ်		စံချိန်ဟောင်း		ယခင်စံချိန်ကျိုးခဲ့သည့်နှစ်	စံချိန်ကျိုးသည့်နှစ်ပေါင်း
		မီလီမီတာ	လက်မ	မီလီမီတာ	လက်မ		
၁။	ကျောက်တော်	၂၅၇	၁၀ ဒသမ ၁၂	၂၁၅	၈ ဒသမ ၄၆	၂၆-၇-၁၉၉၆	၁၄
၂။	မြောက်ဦး	၂၃၈	၉ ဒသမ ၃၇	၂၂၆	၈ ဒသမ ၉၀	၁၀-၇-၂၀၀၆	၃၃

မှတ်သားဖွယ် မိုးရေချိန်များ ၁၉-၇-၂၀၁၁

ကျောက်တော်မြို့ ၁၀ ဒသမ ၁၂ လက်မ	**စစ်တွေမြို့** ၄ ဒသမ ၀၆ လက်မ
မြောက်ဦးမြို့ ၉ ဒသမ ၃၇ လက်မ	**သံတွဲမြို့** ၃ ဒသမ ၉၃ လက်မ
ခနောင်းမြို့ ၉ ဒသမ ၃၇ လက်မ	**ဥမြို့** ၃ ဒသမ ၈၆ လက်မ
ဟုမ္မလင်းမြို့ ၈ ဒသမ ၅၄ လက်မ	**ဖျာပုံမြို့** ၃ ဒသမ ၅၂ လက်မ
မောင်တောမြို့ ၄ ဒသမ ၆၁ လက်မ	**တမူးမြို့** ၃ ဒသမ ၄၃ လက်မ

မြန်မာ့အလင်း ယနေ့ ဖတ်စရာ၊ မှတ်စရာ



အတ္တလန္တစ်အာကာသ လွန်းပြန်ယာဉ် ကမ္ဘာမြေပြင်သို့ ပြန်လည် ထွက်ခွာလာ။ (စာ - ၄)

သိပ္ပံနည်းကျ ပေါင်းစနစ်ဖြင့် ပျိုးထောင်နည်း မော်လမြိုင်ကျွန်း၌ သရုပ်ပြပွဲကျင်းပ။ (စာ - ၆)

ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲ ကိုလံဘီယာနိုင်ငံ၌ ကျင်းပမည်။ (စာ - ၁၁)

ကမ္ဘာကျော် အဆိုတော် ဘီယွန်ဆေး အာကာသယာဉ်မှူးများ ထံ သီချင်းခွေပေးပို့။ (စာ - ၁၁)

တိုက်စစ်မှူး တီဗက်ဇ် နေ့ရာ အဂ္ဂီရို ရောက်လာဖွယ်ရှိ။ (စာ - ၁၁)



အမေရိကန်၌ မိုးသီးမုန်တိုင်းတိုက်ခတ် လေယာဉ်ခရီးစဉ်များ ဖျက်သိမ်းရ။ (စာ - ၅)

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၁၁ ခုနှစ် ဇူလိုင် ၂၀ ရက်)

သီးနှံအထွက်ကောင်းရေး သိပ္ပံနည်းကျစိုက်ပျိုး

ယနေ့အချိန်ကာလတွင် ဇီဝနည်းပညာနှင့် နာနိုနည်းပညာများအသုံးပြုပြီး ကမ္ဘာ့လူသားတို့၏ စားနပ်ရိက္ခာဖူလုံပိုလျှံရေးအတွက် နိုင်ငံအားလုံးက ကြိုးပမ်းဆောင်ရွက်လျက်ရှိကြသည်။ ယင်းသို့ ဆောင်ရွက်နေချိန်တွင် မြန်မာနိုင်ငံသည် ခေတ်နောက်မကျန်စေရန်၊ နိုင်ငံတကာဈေးကွက်၌ ယှဉ်ပြိုင်နိုင်ရန်နှင့် ပြည်သူများ၏ စားနပ်ရိက္ခာဖူလုံပိုလျှံမှုရှိရန်အတွက် အထူးအထွက်တိုး သိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များကို အကောင်အထည်ဖော်လျက်ရှိပြီ ဖြစ်သည်။

၂၀၁၁-၂၀၁၂ ခုနှစ် မိုးစပါး အထူးအထွက်တိုးအောင်မြင်ရေးအတွက် ခေတ်မီသိပ္ပံနည်းကျစိုက်နည်းစနစ်များကို အသုံးပြုပြီး စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများက တောင်သူများနှင့်လက်တွဲ၍ လက်တွေ့အကောင်အထည်ဖော်လျက်ရှိသည်။ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် စပါးပျိုးထောင်စိုက်ပျိုးနည်းစနစ်များကိုလည်း ပညာပေးဟောပြောကာ လက်တွေ့ပြသလျက်ရှိသည်။

အထူးအထွက်တိုးအောင်မြင်ရေးအတွက် မျိုးကောင်းမျိုးသန့်များအသုံးပြုရန်၊ ခေတ်မီသိပ္ပံနည်းကျစိုက်ပျိုးနည်းစနစ်များ အသုံးပြုရန်၊ သွင်းအားစုစိုက်ပျိုးရေးအပါအဝင် ဓာတ်မြေဩဇာ၊ သဘာဝဓာတ်မြေဩဇာများနှင့် ပိုးမွှားရောဂါကာကွယ်ဆေးများ အချိုးကျအသုံးပြုရန်တို့ကို တောင်သူများအား ပညာပေးဟောပြောကာ လက်တွေ့ပြသလျက်ရှိသည်။

ခေတ်မီသိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ်(၁၄)ချက်၊ သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးခြင်းမှ ရရှိနိုင်မည့် အကျိုးကျေးဇူးများကို တောင်သူများသိရှိရန် စိုက်ပျိုးရေးပညာရှင်များ၊ စိုက်ပျိုးရေးအထူးပြုကုမ္ပဏီများက စံပြစိုက်ပျိုးရေးပညာပေးစိုက်ကွင်းများ ထူထောင်စိုက်ပျိုးပြီး တောင်သူများအား နည်းပညာများ လက်တွေ့ပြသလျက်ရှိသည်။

မိုးစပါးအထူးအထွက်တိုး အောင်မြင်ရေးအတွက် စိုက်ပျိုးရေးပညာရှင်များ၊ ဝန်ထမ်းများက အားကိုဘက်မှ ဝိုင်းဝန်းပံ့ပိုး ဆောင်ရွက်လျက်ရှိရာ တောင်သူများအနေဖြင့်လည်း ခေတ်နောက်ကျမကျန်ရှိစေရန် လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်ပါက စပါးများအထွက်တိုးကာ ဝင်ငွေတိုးလာမည်ဖြစ်ပါကြောင်း ရေးသားလိုက်ရပါသည်။ ။

စစ်မှန်သော မျိုးချစ်စိတ်ဓာတ်

* ပြည်ထောင်စု၏ မည်သည့်နေရာဒေသတွင် နေထိုင်သည်ဖြစ်စေ ခိုင်မြဲသည့် ပြည်ထောင်စုစိတ်ဓာတ် ထားရှိမွေးမြူသွားကြရန် အလွန်အရေးကြီးသည်။
* ပြည်ထောင်စုစိတ်ဓာတ်သည်သာလျှင် တိုင်းရင်းသားအားလုံး ထာဝစဉ် ထိန်းသိမ်း စောင့်ရှောက်သွားရမည့် စစ်မှန်သော မျိုးချစ်စိတ်ဓာတ် ဖြစ်သည်။

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်း ပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

စုပေါင်းသစ်ပင်စိုက်ပျိုးပွဲ
သံတောင်ကြီးမြို့ ယာဒို အထက(ခွဲ)၌ကျင်းပ

သံတောင်ကြီး ဇူလိုင် ၁၉

ကျောင်းနှင့် ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကို ကရင်ပြည်နယ် သံတောင်ကြီးမြို့နယ် ယာဒိုကျေးရွာ အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)၌ ဇူလိုင် ၁၀ ရက် နံနက်ကကျင်းပရာ ကျောင်းအုပ်ဆရာကြီး ဦးမြင့်ဦး၊ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ စုပေါင်းစိုက်ပျိုးကြသည်။

စိုက်ပျိုးခဲ့

အဆိုပါ သစ်ပင်စိုက်ပျိုးပွဲတွင် ရော်ဘာပင် ၅၀၊ ကော်ဖီပင် ၂၀၀ နှင့် အခြားအရိပ်ရပင် ၁၀၀ စုစုပေါင်းသစ်ပင် ၃၅၀ ကို စိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)** (၁၁၃)

မွေး/ကုတက္ကသိုလ်(ရန်ကုန်)
ကျောင်းသားဟောင်းများ မြတ်ဆရာပူဇော်ပွဲ

ရန်ကုန် ဇူလိုင် ၁၉

၁၉၇၃-၁၉၇၉ ခုနှစ် မွေး/ကုတက္ကသိုလ်(ရန်ကုန်)တွင် ပညာသင်ယူခဲ့ကြသော ကျောင်းသား ကျောင်းသူများ၏ ဒုတိယအကြိမ်မြောက် မြတ်ဆရာပူဇော်ပွဲနှင့် မိတ်ဆုံစားပွဲကို နိုဝင်ဘာ ၆ ရက်အစား နိုဝင်ဘာ ၁၃ ရက် (တနင်္ဂနွေနေ့)တွင် တော်ဝင်နှင်းဆီ (သီရိခန်းမ)၌ နံနက် ၁၀ နာရီမှ မွန်းလွဲ ၁ နာရီအထိ ကျင်းပမည်ဖြစ်ရာ ကျောင်းသား ကျောင်းသူများအားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများကို အောက်တိုဘာ ၃၁ ရက် နောက်ဆုံးထား၍ ဒေါက်တာမြတ်ဦး၊ ဒေါက်တာတင်မာဝေ ဖုန်း-၀၁-၅၅၂၅၇၇၊ ဒေါက်တာအောင်နိုင် ဖုန်း-၀၁-၂၉၈၄၈၉၊ ဒေါက်တာမြင့်ဝင်း ဖုန်း-၀၁-၆၄၂၂၃၇၊ ဒေါက်တာတင့်လွင် ဖုန်း-၀၁-၅၃၄၉၇၄၊ ဒေါက်တာတင်စိန် ဖုန်း-၀၂-၆၀၆၈၉၊ ဒေါက်တာခွန်မြင့်ဦး ဖုန်း-၀၉-၉၉၇၀၂၇၃၊ ဒေါက်တာ ခွန်အောင်မြင့်စိုး၊ ဒေါက်တာ ခင်မျိုးဆွေ ၀၉-၇၃၀-၉၆၃၁၉၊ ဒေါက်တာ ခင်စိုးလွင် ဖုန်း-၀၉-၅၁၀၂၂၁၇၊ ဒေါက်တာ ညိုညိုဇော် ဖုန်း-၀၁-၇၂၂၀၂၈ တို့ထံသို့ ဆက်သွယ်နိုင်ကြောင်း သိရှိရသည်။ **(မြန်မာ့အလင်း)**

တောင်ငူမြို့ ဗိုလ်မှူးဖိုးကွန်းလမ်း ကတ္တရာ ထပ်ပိုးလွှာခင်းခြင်းလုပ်ငန်းကို အငယ်တန်းအင်ဂျင်နီယာ-၂ ဦးဝဏ္ဏမောင်နှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ ဇွန် ၂၁ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးမျိုးကျော်လတ် ကွင်းဆင်းကြီးကြပ်စဉ်။ (မြို့နယ်စည်ပင်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ
ဝက်လက်မြို့နယ်၌ကျင်းပ

ဝက်လက် ဇူလိုင် ၁၉

ဝက်လက်မြို့နယ် စစ်ကိုင်း-ရွှေဘိုလမ်း သားနားကျေးရွာအနီး မိုင်တိုင်အမှတ် ၅၉/၃မိုင်နှင့် မိုင်တိုင်အမှတ် ၆၀/၃ မိုင်အတွင်း ဇူလိုင် ၁၀ရက် နံနက် ၈ နာရီက မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ကျင်းပရာ စစ်ကိုင်းတိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့်စွမ်းအင်ဝန်ကြီးဌာန ဝန်ကြီး ဦးသန်းထိုက် တက်ရောက်ပြီး ရတနာတန်းဝင်ကျွန်းနှင့် အရိပ်ရပင်များကို စိုက်ပျိုးပေးသည်။ **(အပေါ်ယာပုံ)**

အဆိုပါ သစ်ပင်စိုက်ပွဲတွင် ရွှေဘိုခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးလှဦး၊ ရွှေတောင်ဖွံ့ဖြိုးတိုးတက်ရေးကုမ္ပဏီ စစ်ကိုင်း-မုံရွာ -ရွှေဘိုလမ်း စီမံကိန်း၊ စီမံကိန်းဒါရိုက်တာ ဦးဇော်မင်းဦး၊ ရွှေဘိုခရိုင်သစ်တောဦးစီးဌာနနှင့် အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ ဝက်လက်မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ ဝန်ထမ်းများ၊ ကုမ္ပဏီဝန်ထမ်းများ၊ ကျေးရွာပြည်သူများက ကျွန်း ၁၆၀၊ တမာ ၂၄၀၊ ယူကလစ် ၂၄၀ စုစုပေါင်း ၆၄၀ ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(သစ်တောဦးစီး)**

ကျောင်းဆောင်သစ်များ လွှဲပြောင်းပေးအပ်ပွဲ
မှော်ဘီမြို့နယ်၌ ကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် မှော်ဘီမြို့နယ် ညောင်နှစ်ပင်ကျေးရွာ အထက်တန်းကျောင်းခွဲတွင် ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်လှူဒါန်းသည့် ကျောင်းဆောင်သစ်များအား အမှတ်(၃) အခြေခံပညာဦးစီးဌာနသို့ လွှဲပြောင်းပေးအပ်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက် ၁၀ နာရီက အဆိုပါကျောင်း၌ ကျင်းပသည်။

လွှဲပြောင်းပေးအပ်

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် မြို့နယ်ပညာရေးမှူး ဦးခင်မောင်ဌေးတို့က အမှာစကားပြောကြားကြပြီး (ဝဲပုံ) ကျောင်းဆောင်သစ်များကို တာဝန်ရှိသူများထံ လွှဲပြောင်းပေးအပ်သည်။

ကျောင်းဆောင်သစ်

ဆောက်လုပ်လှူဒါန်းခဲ့သော ကျောင်းဆောင်သစ်များမှာ သွပ်မိုး၊ အုတ်ကာ၊ သမံတလင်းခင်း အလျားပေ ၂၁၀၊ အနံပေ ၃၀ တစ်ဆောင်နှင့် အလျားပေ ၆၀၊ အနံပေ ၃၀ တစ်ဆောင် ဖြစ်ကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

နိုင်ငံသားစိစစ်ရေးကတ်ပြားများ ဘားအံ၌ပေးအပ်

ဘားအံ ဇူလိုင် ၁၉

ကရင်ပြည်နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေး ဦးစီးဌာနမှ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ပွဲအခမ်းအနားကို ဇွန် ၁၀ ရက် နံနက်ပိုင်းက ဘားအံမြို့ ပြည်နယ်ဦးစီးဌာနရုံး၌ ကျင်းပရာ အခမ်းအနားတွင် ပြည်နယ်ဦးစီးဌာနမှူး၊ ညွှန်ကြားရေးမှူးဦးသောင်းဇော်က ဒေသခံတပ်ရင်းမိသားစုဝင် ၁၆၁ ဦးအား နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

(ပြည်နယ်လူဝင်မှုကြီးကြပ်ရေး)

၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် ဗိုလ်ချုပ်အောင်ဆန်း၏ ဂူဗိမာန်၌ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည် လွမ်းသူ့ပန်းခြင်းချစဉ်။ (သတင်းစဉ်)

၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် သခင်မြ၏ ဂူဗိမာန်၌ သခင်မြမိသားစုများ လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

◆ *ရှေ့ဖုံးမှ*

မေတ္တာပို့အမျှပေးဝေ

ဆက်လက်၍ အာဇာနည်ခေါင်းဆောင်ကြီးများ၏ မိသားစုများက အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ အလေးပြုကန်တော့ကြပြီး မေတ္တာပို့အမျှပေးဝေကြသည်။

လွမ်းသူ့ပန်းခွေချ

ထို့နောက် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ်မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံကြက်ခြေနီအသင်းမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ စာပေနှင့်စာနယ်ဇင်းအဖွဲ့မှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံဂီတအစည်းအရုံးမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံသဘင်ပညာရှင်များအစည်းအရုံးမှ ကိုယ်စားလှယ်များနှင့် မြန်မာနိုင်ငံ ရိုးရာပန်းပညာရှင်များ အစည်းအရုံးမှ ကိုယ်စားလှယ်များက ဗိုလ်ချုပ်အောင်ဆန်းနှင့်တကွ အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်အသီးသီးတို့၌ လွမ်းသူ့ပန်းခွေချ၍ အလေးပြုကြသည်။

ဂါရဝပြု

ယင်းနောက် အများပြည်သူများကလည်း အာဇာနည်ဗိမာန်သို့လာရောက်ကြပြီး အာဇာနည်ခေါင်းဆောင်ကြီးများ၏ ဂူဗိမာန်များ၌ ဂါရဝပြုကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

MRTV-4 ရုပ်မြင်သံကြားအစီအစဉ်

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

- ၅:၀၀ MRTV-4 အဖွင့် Logo ပဌာန်းပါဠိတော်+ခန္ဓသုတ်၊ မောရသုတ်၊ ဝဋ္ဋသုတ်
- ၅:၂၀ MRTV-4 သတင်း
- ၅:၅၀ **နေ့ခုနစ်စင်း** တရားတော် (ဆရာတော် အရှင်ပညာဝံသ လင်္ကာရ)
- ၆:၄၀ တောင်းဆုအမှန်ပြည့်မည်ဇကန် (ကျိုက်ထိုမဟာမုနိသွန်းဘုရား)
- ၆:၅၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၀)
- ၇:၃၀ MRTV-4 သတင်း
- ၈:၀၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၂)
- ၈:၅၀ ဒီပဲယင်းမြို့နယ်အသင်း (ရန်ကုန်)၏ ထပ်ဆင့်ချီးကျူးဂုဏ်ပြုပွဲ
- ၉:၀၅ ရောင်စုံပန်းတို့အလှခြယ်ရာ… ကမ်းလင့်မေတ္တာဖေးကူပါ
- ၉:၁၅ ယုံကြည်ချက်များနဲ့အတူ
- ၉:၂၅ အားကစားမြင်ကွင်းစုံ
- ၁၀:၀၀ ရန်ကုန်မြင်ကွင်းကျယ် (Capital Hyper Market မိုးရာသီအထူးဈေးရောင်းပွဲတော်)
- ၁၀:၁၀ ခေတ်ပုံထဲက အမှတ်တရများ (မိုးယံဖွန့်)
- ၁၀:၄၀ ရန်ကုန်မြင်ကွင်းကျယ် (ဒီဇိုင်နာ စုစုခိုင်၏ မွေးနေ့အမှတ်တရ ဖက်ရှင်ရှိုးပွဲ)
- ၁၁:၀၀ ရုပ်ရှင်ထဲက ကျန်းမာရေး (ကိုယ်ဝန်ဆောင်စောင့်ရှောက်ရေး) (ဒေါက်တာ ခင်မောင်လွင်၊ ဒါရိုက်တာ ကြည်စိုးထွန်း)
- ၁၁:၃၅ MRTV-4 ကာတွန်းအစီအစဉ်
- ၁၂:၀၅ ရန်ကုန်မြင်ကွင်းကျယ် (MPF တံဆိပ် တစ်ခါသုံးဆေးထိုးအပ်သစ်မိတ်ဆက်ပွဲ)
- ၁၂:၁၅ ဆေးလိပ်ဖြတ်ပွဲနှင့် အသည်းခြောက်ရောဂါအကြောင်း ဟောပြောပွဲ
- ၁၂:၄၀ စားချင်စဖွယ် နည်းအသွယ်သွယ် (ဆိတ်သားခြောက်အုန်းနို့ဆမ်းနှင့် ငါးနှမ်းကပ်ကြော်)
- ၁:၀၀ **နေ့ခုနစ်စင်း** တရားတော် (ဆရာတော် အရှင်ပညာဝံသ လင်္ကာရ)
- ၂:၀၀ MRTV-4 သတင်း
- ၂:၂၀ စကားနပန်း **(အယူသီးတာကောင်းတယ်၊ အယူမသီးတာကောင်းတယ်)**
- ၃:၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ** (အပိုင်း-၇၀)
- ၄:၀၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၂)
- ၅:၀၀ အဂ္ဂမဟာမဏိရတနာ ကျောင်းတော်ကြီးအတွက် ဒုတိယအကြိမ်မြောက် အလှူတော်ငွေပေးအပ်ပွဲ
- ၅:၁၅ မူပိုင်ကိုယ်စီ တေးကိုသီ
- ၅:၂၀ မေတ္တာရေကြည်တစ်ပေါက်မှသည်
- ၅:၃၅ သီချင်းကောင်းကောင်း သီချင်းတောင်း
- ၆:၀၀ MRTV-4 သတင်း
- ၆:၂၀ Activities in the City ဗုဒ္ဓနှစ် (၂၆၀၀)ပြည့် အထိမ်းအမှတ် ဟောပြောပွဲ
- ၆:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **နွေးထွေးသောမေတ္တာ**(အပိုင်း-၇၁)
- ၇:၁၅ Cartoon Show Time (Green Latern)
- ၈:၀၀ MRTV-4 သတင်း
- ၈:၃၀ သင်ကြားရေးလမ်းညွှန် (Webster University Thailand)
- ၉:၀၀ Celebrity Style (ယုဇန)
- ၉:၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ **မာယာမျဉ်းပြိုင်** (အပိုင်း-၁၃)
- ၁၀:၂၀ နေချင်စဖွယ် အိမ်အလှဆင်ကြမယ် (ကျော်ကြားသူတို့ နားခိုရာ-မယ်လိုဒီ)
- ၁၀:၄၅ Industrial Talk
- ၁၁:၀၅ World of Knowledge (Strange Days on Planet Earth)
- ၁၁:၅၅ တေးဂီတအစီအစဉ်
- ၁၂:၁၀ ဖန်တီးသူနှင့် အနုပညာ (မျိုးသန္တာထွန်း) (အပိုင်း-၂)
- ၁၂:၃၀ **ရှိတော့ရှိတယ် ရှားတယ်** ခန့်ထက်နိုင်၊ စစ်ပိုင်၊ အမ်-ဇိုင်း၊ ဟိန်းတေဇာ၊ ချစ်စနိုးဦး ဒါရိုက်တာ-အဓိပတိမောင်မောင်ဦး
- ၁၂:၅၀ Movies Mistakes (Matrix)
- ၁:၁၀ မိခင်လောင်းများအတွက် အာဟာရ (ဒေါက်တာလှကြည်)
- ၁:၂၀ Celebrity Profile (Rain)
- ၁:၅၀ ပန်းချီဆရာကြီး ဦးလွန်းကြွယ်၏ သူ့ဘဝနှင့် သူ့လက်ရာ
- ၂:၁၅ Shooting Location (ဆရာမအိမ်)
- ၂:၃၀ အမြင်ဆန်းတင့် သပ်ရပ်ခံ့ထည် အလှဆင်မယ်
- ၂:၄၅ လွန်းတင်သည့်ကြိုး
- ၃:၀၅ ကဏ္ဍစုံလင်အားကစားအစီအစဉ်
- ၄:၀၅ လှမ်းလာခဲ့ပါ… နှောင်အင်းလေးကကြိုနေမှာ
- ၄:၂၅ မြန်မာ့ရွှေချည်ထိုးပညာ
- ၄:၃၅ သာသနာတော်ထွန်းကား အလှတရားဖြာဝေ ထားဝယ်မြေ

MRTV-4 အစီအစဉ်များကို
ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်၊ မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တို့တွင်
ရိုးရိုး VHF တီဗွီအင်တင်နာဖြင့် အလွယ်တကူဖမ်းယူကြည့်ရှုနိုင်ပါသည်။
တောင်ကြီးမြို့နှင့်အနီးတစ်ဝိုက်တွင်
UHF တီဗွီအင်တင်နာဖြင့် ဖမ်းယူကြည့်ရှုနိုင်ပါသည်။

၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံဂီတအစည်းအရုံး လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

၂၀၁၁ခုနှစ် (၆၄)နှစ်မြောက် အာဇာနည်နေ့အခမ်းအနားတွင် မြန်မာနိုင်ငံစစ်မှုထမ်းဟောင်းအဖွဲ့ချုပ် လွမ်းသူ့ပန်းခွေချစဉ်။ (သတင်းစဉ်)

❖ *ကျောဖုံးမှ*

လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများကို အထူးအလေးထားဆောင်ရွက်သွားရန်တို့ကို အထူးအဖွဲ့၊ ခရိုင်အဖွဲ့၊ မြို့နယ်အဖွဲ့များနှင့် ကုမ္ပဏီမှ တာဝန်ရှိသူများအား မှာကြားသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် မိုင်တိုင်အမှတ်(၁၅/၂)နှင့် (၁၅/၃)အကြားရှိ ကတ္တရာလမ်း၊ မိုင်တိုင်အမှတ်(၁၁)ရှိ ထန်းတပင်ချောင်း တံတားနှင့် မိုင်တိုင်အမှတ် (၁၀/၁)ရှိ ငလိုက်ချောင်းတံတား အခြေအနေတို့ကို လိုက်လံကြည့်ရှုစစ်ဆေးပြီး တံတားများ၌ ရေစီးရေလာကောင်းမွန်စေရေး ဆောင်ရွက်ရန်နှင့် လိုအပ်သည့်နေရာများတွင် မြေထိန်းနံရံများ တည်ဆောက်ပေးရန်၊ မြေကတုတ်များရိုက်၍ကာကွယ်ထိန်းသိမ်းပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

လှူဒါန်း

မိဘနှစ်ပါးနှင့် အစ်ကိုအစ်မများအားရည်စူး၍ ရန်ကုန်မြို့ သင်္ဃန်းကျွန်းမြို့နယ် ခြံအမှတ် (၇) မီးရထားရိပ်သာလမ်းနေ ဒေါ်တင်ရွှေ-ဒေါ်သင်းသင်းတို့က တွံတေးမြို့ မိဘဂုဏ်ဘိုးဘွားရိပ်သာ ဆေးကုသဆောင်အတွက် ငွေကျပ်နှစ်သိန်း လှူဒါန်းရာ မိဘဂုဏ်ဘိုးဘွားရိပ်သာ အတွင်းရေးမှူး ဦးမြသိန်း လက်ခံယူစဉ်။ (၀၀၉)

မုတ်သုံလေ ဆက်လက်အားကောင်းမည်

နေပြည်တော် ဇူလိုင် ၁၉

စဉ်	တိုင်းဒေသကြီးနှင့်ပြည်နယ်	အပူချိန်(စင်တီဂရိတ်)		မနက်ဖြန်အတွက်	
		အမြင့်ဆုံး	အနိမ့်ဆုံး	ခန့်မှန်းချက်	ရွာရန်ရာနှုန်း
၁	ကချင်ပြည်နယ်	၂၅	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၂	ကယားပြည်နယ်	၂၉	၂၁	နေရာကျဲကျဲမိုးရွာ	၈၀%
၃	ကရင်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၄	ချင်းပြည်နယ်	၂၃	၁၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၅	စစ်ကိုင်းတိုင်းဒေသကြီး(အထက်ပိုင်း)	၃၀	၂၂	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၆	စစ်ကိုင်းတိုင်းဒေသကြီး(အောက်ပိုင်း)	၃၅	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၇	တနင်္သာရီတိုင်းဒေသကြီး	၂၆	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၈	ပဲခူးတိုင်းဒေသကြီး	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၉	မကွေးတိုင်းဒေသကြီး	၃၂	၂၆	နေရာကျဲကျဲမိုးရွာ	၈၀%
၁၀	မန္တလေးတိုင်းဒေသကြီး	၃၄	၂၇	နေရာကျဲကျဲမိုးရွာ	၈၀%
၁၁	မွန်ပြည်နယ်	၂၈	၂၄	နေရာအနှံ့အပြားမိုးရွာပြီး နေရာကွက်၍မိုးကြီးနိုင်	၈၀%
၁၂	ရန်ကုန်တိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၃	ရခိုင်ပြည်နယ်	၂၇	၂၃	နေရာအနှံ့အပြားမိုးရွာပြီး ဒေသအလိုက်မိုးကြီးနိုင်	၈၀%
၁၄	ရှမ်းပြည်နယ်(တောင်ပိုင်း)	၂၄	၁၈	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၅	ရှမ်းပြည်နယ်(မြောက်ပိုင်း)	၂၉	၂၁	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၆	ရှမ်းပြည်နယ်(အရှေ့ပိုင်း)	၃၀	၂၂	နေရာစိပ်စိပ်မိုးရွာ	၈၀%
၁၇	ဧရာဝတီတိုင်းဒေသကြီး	၂၉	၂၄	နေရာအနှံ့အပြားမိုးရွာ	၈၀%
၁၈	နေပြည်တော်နှင့် အနီးတစ်ဝိုက်	၃၃	၂၄	မိုးတစ်ကြိမ်နှစ်ကြိမ်ရွာ	၈၀%
၁၉	ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်	၂၉	၂၄	မိုးတစ်ကြိမ်နှစ်ကြိမ်ရွာ	၈၀%
၂၀	မန္တလေးမြို့နှင့် အနီးတစ်ဝိုက်	၃၄	၂၇	နေရာကွက်ကျားမိုးရွာနိုင်	၆၀%

ယနေ့နံနက် ၉ နာရီခွဲအချိန်အထိ မိုးလေဝသ တိုင်းထွာချက် အကျဉ်းချုပ်	လွန်ခဲ့သော ၂၄ နာရီအတွင်းက စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းတွင် တိမ်အသင့်အတင့်ဖြစ်ထွန်းခဲ့ပြီး ကယားပြည်နယ်တွင် နေရာကွက်ကျား၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် နေရာကျဲကျဲ၊ ဧရာဝတီတိုင်းဒေသကြီးနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြားမိုးရွာခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ရခိုင်ပြည်နယ်တို့တွင် ဒေသအလိုက်နှင့် ဧရာဝတီတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးခဲ့သည်။
ဘင်္ဂလားပင်လယ်အော်အခြေအနေ	ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားကောင်းနေသည်။
မြန်မာ့ပင်လယ်ပြင်အခြေအနေ	မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါ မိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်မြေပြင်လေသည် တစ်နာရီလျှင် မိုင် ၄၀ အထိ တိုက်ခတ်နိုင်သည်။
နောက်နှစ်ရက်အတွက်ခန့်မှန်းချက်	မုတ်သုံလေ ဆက်လက်အားကောင်းနေမည်။

ပလင်းတန်
ဖွံ့ဖြိုးဖို့
စာအုပ်စာပေ
လေ့လာစို့

20-7 (03).pmd 1 7/20/2011, 2:03 AM

နိုင်ငံတကာသတင်းများ

မွမ်ဘိုင်းမြို့ ဗုံးကွဲသည့်နေရာတွင် စိန်ပွင့် ၆၅ ပွင့်တွေ့ရှိ

မွမ်ဘိုင်း ဇူလိုင် ၁၉

ပြီးခဲ့သည့်အပတ် ဇူလိုင် ၁၃ ရက်က ဗုံးသုံးလုံးဖောက်ခွဲတိုက်ခိုက်ခံခဲ့ရသည့် အိန္ဒိယနိုင်ငံ မွမ်ဘိုင်းမြို့တွင် ကျောက်မျက်ရတနာကုန်သွယ်ရေး ဈေးကွက်အချက်အချာနေရာရှိ လမ်းအပျက်အစီးများကို ရှင်းလင်းရှာဖွေခဲ့ရာမှ စိန်များတွေ့ရှိခဲ့သည်ဟု စိန်လုပ်ငန်းရှင်များအသင်းအဖွဲ့က ဇူလိုင် ၁၈ ရက်တွင် ပြောကြားသည်။ **(အောက်ပုံ)**

ရှာဖွေတွေ့ခဲ့

အလုပ်သမားများက ယင်းနေရာလမ်းများပေါ်မှ အပျက်အစီးအကျိုးအပဲ့များကို ရှင်းလင်းပြီး ချိုင့်အိုင်ဖြစ်ကာ ဗွက်ထနေသည့်နေရာရှိရွှံ့များကို ကျင်ယူရာမှ စိန်ပွင့်များ ရှာဖွေတွေ့ခဲ့ခြင်းဖြစ်သည်။

မြို့တောင်ပိုင်းရှိ စိန်အရောင်းအဝယ်ဈေးကွက် အဓိကနေရာသည် မွမ်ဘိုင်းဗုံးခွဲတိုက်ခိုက်မှုဖြစ်ပွားခဲ့သည့်နေရာ သုံးခုအနက် တစ်နေရာအပါအဝင်ဖြစ်ပြီး ယင်းနေရာဗုံးကွဲမှုတွင် ၁၇ ဦး သေဆုံးခဲ့သည်။

ပြောကြား

"စိန်ပွင့် ၆၅ ပွင့် အထိ ကျွန်တော်တို့ ရှာတွေ့ထားပါတယ်။ အစည်းအဝေးခေါ်ပြီး အဲဒီစိန်တွေကို လေလံတင်ရောင်းချပါမယ်။ အဲဒီကရတဲ့ငွေကြေးကို ဗုံးကွဲမှုကြောင့် ထိခိုက်ဒဏ်ရာရသူတွေနဲ့ ဘဝဆုံးရှုံးခဲ့ရသူများအတွက် ကူညီ

ထောက်ပံ့ပေးမှာဖြစ်ပါတယ်" ဟု မွမ်ဘိုင်းစိန်ဈေးကွက်အသင်း ကုန်သွယ်ရေးအုပ်စုမှ အမြဲတမ်းအဖွဲ့ဝင်ဖြစ်သူတစ်ဦးက ပြောကြားခဲ့သည်။

ထိုစိန်ပွင့်များကို ထိုအသင်းကပင် ထိန်းသိမ်းထားလျက်ရှိပြီး ဈေးနှုန်းသတ်မှတ်ရခြင်းမရှိသေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အင်တာနက်)**

နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့၌ လျှောင်အကြိမ် ၇၅၀၀ လှုပ်ခဲ့ဟုဆို

ခရစ်ချတ်ချ် ဇူလိုင် ၁၉

နယူးဇီလန်နိုင်ငံ၏ ဒုတိယအကြီးဆုံးမြို့ဖြစ်သည့် ခရစ်ချတ်ချ်မြို့တွင် လွန်ခဲ့သည့် စက်တင်ဘာလကတည်းက ယနေ့အထိ ငလျင်အကြိမ်ပေါင်း ၇၅၀၀ လှုပ်ခဲ့ကြောင်း၊ တစ်နေ့ပျမ်းမျှအကြိမ် ၂၀ ခန့်လှုပ်ခဲ့ကြောင်း ဇူလိုင် ၁၈ ရက်က နယူးဇီလန် မြေငလျင်ပညာရှင်များက ပြောကြားသည်။

အဆိုပါငလျင်ကြောင့် လူပေါင်း ၁၈၁ ဦးသေဆုံးခဲ့ရကြောင်း၊ မြို့တွင်း၌ အပျက်အစီးများဖြင့် အနိဋ္ဌာရုံမြင်ကွင်းအချို့ကို ယခုတိုင် တွေ့နေရဆဲဖြစ်ကြောင်း၊ **(ဝဲပုံ)** ထောင်ပေါင်းများစွာသော နေအိမ်များ ပြန်လည်တည်ဆောက်နိုင်ခြင်းမရှိသေးကြောင်း၊ အချို့သော ပြည်သူများမှာ မြို့မှထွက်ခွာသွားကြပြီဖြစ်ကြောင်း တာဝန်ရှိသူများက ပြောကြားသည်။ နယူးဇီလန်နိုင်ငံ ခရစ်ချတ်ချ်မြို့အနောက်ဘက် မိုင် ၃၀ အကွာကို ဗဟိုပြုလျက် စက်တင်ဘာ ၄ ရက်က ရစ်ချ်တာစကေး ၇ ဒသမ ၀ ရှိအားပြင်းငလျင် လှုပ်ခဲ့သည်။ အဆိုပါမြို့၌ ၎င်းငလျင်ကြီးလှုပ်ပြီးနောက် ဖေဖော်ဝါရီ ၂၂ ရက်က ၆ ဒသမ ၁ ရစ်ချ်တာစကေးရှိ ငလျင်တစ်ကြိမ်နှင့် ဇွန် ၁၃ ရက်က ၆ ဒသမ ၀ ရှိ ငလျင်အပါအဝင် ငလျင်ကြီး၊ ငလျင်ငယ် စုစုပေါင်း ၇၅၀၀ ခန့် လှုပ်ခဲ့သည်ဟု ဆိုသည်။ **(အင်တာနက်)**

ချီလီမြေအောက်ရထားပေါ်၌ သေနတ်ပစ်ခတ်မှုဖြစ်ပွား

ဆန်တီယာဂို ဇူလိုင် ၁၉

ချီလီနိုင်ငံ၏မြို့တော် ဆန်တီယာဂိုရှိ မြေအောက်ရထားတစ်စင်းပေါ်တွင် ဇူလိုင် ၁၇ ရက်က သေနတ်ပစ်ခတ်မှုဖြစ်ပွားခဲ့သည်။ မြို့တော်အနောက်တောင်ပိုင်း ပီလာဇာကပူး ဘူတာရုံအတွင်းရှိ မြေအောက်ရထားနောက်ဆုံးတွဲပေါ် အမျိုးသားတစ်ဦးတက်ရောက်လာပြီးနောက် သေနတ်ဖြင့်ပစ်ခတ်ခဲ့ရာမှ လူနှစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရခဲ့သည်။

ပစ်ခတ်သွား

သေနတ်ပစ်ခတ်ခဲ့သူသည် ဘူတာရုံမှထွက်ခွာပြီး အနီးနားတွင်ပင် မိမိကိုယ်ကို ပြန်လည်ပစ်ခတ်၍ အဆုံးစီရင်သွားခဲ့သည်။ ထိုသေနတ်သမားသည် ရထားတွဲပေါ်တွင် သေနတ်ကိုးချက်အထိ ပစ်ခတ်သွားခဲ့သည်ဟု မျက်မြင်တစ်ဦးက သတင်းပေးပြောကြားသည်။

ယင်းဖြစ်ရပ်မှ ဒဏ်ရာရသူများတွင် သုံးဦး၏အခြေအနေမှာ စိုးရိမ်ဖွယ်ရှိပြီး ကျန်တစ်ဦးမှာ အနည်းငယ်သာ ထိခိုက်မှုဖြစ်ခဲ့သည်။ အဆိုပါတိုက်ခိုက်မှု၏ ရည်ရွယ်ချက်ကိုသိရှိနိုင်ရန် တာဝန်ရှိသူများက စုံစမ်းလျက်ရှိသည်။ **(အင်တာနက်)**

ကရာချိတွင် ရေနံချက်စက်ရုံအတွင်း လေယာဉ်ငယ်ပျက်ကျ

အစ္စလမ္မာဘတ် ဇူလိုင် ၁၉

ပါကစ္စတန်တောင်ပိုင်း ဆိပ်ကမ်းမြို့ ကရာချိတွင် ဇူလိုင် ၁၉ ရက် နံနက်က လေယာဉ်ငယ်တစ်စင်းပျက်ကျမှုကြောင့် ရေနံချက်စက်ရုံတစ်ရုံ မီးစွဲလောင်မှုဖြစ်ပွားပုံကို ဒေသတွင်းတီဗွီချန်နယ်တစ်ခုတွင် ဖော်ပြသည်။

ပျက်ကျ

ကရာချိမြို့ ကိုရန်ဂီရေိယာအတွင်းရှိ ရေနံချက်စက်ရုံအတွင်း ဒေသစံတော်ချိန် နံနက် ၁၀ နာရီ ၁၅ မိနစ်ခန့်တွင် လေယာဉ်ငယ် ပျက်ကျခြင်းဖြစ်ကြောင်း ဒေသတွင်း မီဒီယာများက သတင်း၌ ဖော်ပြသည်။

ဖော်ပြ

လူနှစ်ဦး သို့မဟုတ် သုံးဦးခန့် ယင်းလေယာဉ်ပေါ် လိုက်ပါစီးနင်းခဲ့ကြောင်း သတင်းအချို့တွင် ဖော်ပြထားပြီး တခြား သတင်းများတွင်မူ ပျက်ကျခဲ့သည့် လေယာဉ်မှာ စောင့်ကြည့်လေ့လာမှုများအတွက် ပါကစ္စတန်ရေတပ်အသုံးပြုနေသည့် အဝေးထိန်းခလုတ်ဖြင့် မောင်းနှင်သော အသေးစားလေယာဉ်ငယ်လေးသာဖြစ်ကြောင်း ဖော်ပြသည်။

ပျက်ကျသည့်နေရာသို့ ကယ်ဆယ်ရေးအဖွဲ့များ အလျင်အမြန်ရောက်ရှိလာကြောင်း၊ သတင်းထောက်များနှင့်အတူ ဆေးရုံကားများကိုပင် ယင်းနေရာသို့ ဝင်ခွင့်မပေးကြောင်း သတင်းတွင် ဆက်လက်ဖော်ပြထားသည်။ **(အောက်ပုံ)**

(အင်တာနက်)

မြန်မာ့အလင်း နောက်ဆုံးရ နိုင်ငံတကာသတင်း

မိုးမြင့်လင်းလက် - စုစည်းသည်

အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ် ကမ္ဘာမြေပြင်သို့ ပြန်လည်ထွက်ခွာလာ

ဝါရှင်တန် ဇူလိုင် ၁၉



နိုင်ငံတကာ အာကာသယာဉ်စခန်းသို့ ရောက်ရှိနေသော အတ္တလန္တစ်အာကာသလွန်းပြန်ယာဉ် (ယာပုံ) သည် ကမ္ဘာမြေပြင်သို့ ပြန်လည်ဆင်းသက်ရန်ထွက်ခွာလာပြီဖြစ်ကြောင်း နာဆာက ဇူလိုင် ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။

အဆိုပါအာကာသလွန်းပြန်ယာဉ်သည် နာဆာ၏ နှစ် ၃၀ ကြာ အာကာသလေ့လာရေးလွန်းပြန်ယာဉ်ခရီးစဉ် စီမံကိန်း၏ နောက်ဆုံးခရီးစဉ်လည်းဖြစ်သည်။ ၎င်းလွန်းပြန်ယာဉ်သည် နိုင်ငံတကာအာကာသစခန်းမှ ဇူလိုင် ၁၉ ရက် ဂရင်းနစ်စံတော်ချိန် ၆ နာရီ ၂၈ မိနစ်၌ စတင်ထွက်ခွာခဲ့ခြင်းဖြစ်သည်။ အတ္တလန္တစ်လွန်းပြန်ယာဉ်သည် ဖလော်ရီဒါပြည်နယ် မြေပြင်စခန်းသို့ ဇူလိုင် ၂၁ ရက် နံနက်ပိုင်းတွင် ရောက်ရှိမည်ဖြစ်သည်။ (အင်တာနက်)

တရုတ်၌ မီးရှူးမီးပန်းစက်ရုံပေါက်ကွဲ

ချန်ရှ ဇူလိုင် ၁၉

*တရုတ်နိုင်ငံ စီချွမ်ပြည်နယ်အနောက်တောင်ပိုင်း ဆူနင်းမြို့တွင် ဇူလိုင် ၁၉ ရက် နံနက်က မီးရှူးမီးပန်းစက်ရုံတစ်ရုံ၌ ပေါက်ကွဲမီးလောင်မှုဖြစ်ပွားခဲ့ရာ **(ဝဲပုံ)** အနည်းဆုံးသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း တရုတ်အရာရှိများက ပြောကြားသည်။*

ဖြစ်ပွားမှုမှာ ပတ္တိုင်မာမြို့နယ် ဆူနင်းမြို့ရှိ ၎င်းစက်ရုံ၌ ယင်းနေ့ နံနက် ၇ နာရီခန့်က မတော်တဆ ပေါက်ကွဲမီးလောင်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း၊ မီးသတ်ယာဉ် ၁၃ စီးဖြင့် ဝိုင်းဝန်းမီးငြိမ်းသတ်ခဲ့ရကြောင်း မီးသတ်တပ်ဖွဲ့ပြောရေးဆိုခွင့်ရှိသူတစ်ဦးက ပြောကြားသည်။

*စက်ရုံအတွင်းပေါက်ကွဲစေနိုင်သည့် ကုန်ကြမ်းပစ္စည်းများကြောင့် ဆက်တိုက်ပေါက်ကွဲမှုများ ဖြစ်ပွားခဲ့ကြောင်း၊ ဒဏ်ရာရရှိသူဦးရေ များလာဖွယ်ရှိကြောင်း သိရသည်။ **(အင်တာနက်)***

မက္ကဆီကိုနိုင်ငံတောင်ပိုင်းသို့ မုန်တိုင်းဦးတည် သတိပေးချက်ထုတ်ပြန်ထား

မက္ကဆီကိုစီးတီး ဇူလိုင် ၁၉

မက္ကဆီကိုနိုင်ငံတောင်ပိုင်း ကမ်းရိုးတန်းပြည်နယ်များဖြစ်သည့် ချီရာပက်စ်နှင့်အော်ဆာကာပြည်နယ်များသို့ဦးတည်ကာ မုန်တိုင်းတစ်ခုရွေ့လျားလာလျက်ရှိကြောင်း မက္ကဆီကိုအမျိုးသားမိုးလေဝသဌာနမှ ဇူလိုင် ၁၉ရက်က သတိပေးချက် ထုတ်ပြန်ထားသည်။

ထုတ်ပြန်ထား

အဆိုပါမုန်တိုင်းသည် ပစိဖိတ်သမုဒ္ဒရာကိုဖြတ်သန်းစဉ် အင်အားကောင်းသောဟာရီကိန်းအဖြစ် ရောက်ရှိလာမည်ဟု ခန့်မှန်းထားသည်။ ထို့ကြောင့် ၎င်းမုန်တိုင်းဖြတ်သန်းတိုက်ခတ်နိုင်မည့်ဒေသအတွင်းရှိမြို့ပေါင်း ၄၂ မြို့အား အရေးပေါ်သတိပေးချက် ထုတ်ပြန်ထားရသည်။ *(အင်တာနက်)*

နိုင်ငံတကာသတင်းအတိုအထွာ

ဇော်ဦးခိုင် — စုစည်းသည်

ဘရာဇီးအရှေ့မြောက်ပိုင်းတွင် ရေကြီးပြီး မြေပြို၊ ၁၀ဦးသေဆုံး

ရီယိုဒီဂျနေရိုး ဇူလိုင် ၁၉

ဘရာဇီးနိုင်ငံအရှေ့မြောက်ပိုင်းတွင် စနေ၊ တနင်္ဂနွေရက်များမှ စတင်ကာ ရေကြီးပြီး မြေပြိုမှုများကြောင့် ၁၀ ဦး သေဆုံးခဲ့ပြီဟု ဒေသအာဏာပိုင်များက ဇူလိုင် ၁၈ ရက်၌ ပြောကြားသည်။ ယင်းကြောင့် မြို့ ၂၈ မြို့ကို အရေးပေါ်အခြေအနေ ကြေညာထားရသည်။ ပြီးခဲ့သည့် စနေ၊ တနင်္ဂနွေ၌ ရွာသွန်းခဲ့သည့် မိုးရေချိန်မှာ ၂၅၀ မီလီမီတာအထိ ရောက်ရှိခဲ့ကြောင်း သိရှိရသည်။ **(အင်တာနက်)**

ဗုံးများပြုလုပ်သူအား ဇနီးကရဲလက်သို့အပ်

မွမ်ဘိုင်း ဇူလိုင် ၁၉

အိန္ဒိယအမျိုးသမီးတစ်ဦးသည် ဗုံးများပြုလုပ်သူ သူမ၏ယောကျာ်းအား ရဲလက်အပ်ခဲ့သဖြင့် ပြည်နယ်အစိုးရက ဂုဏ်ပြုဆုချရန် စီစဉ်လျက်ရှိကြောင်း ပြည်နယ်ဝန်ကြီးချုပ် နာရန်ဒြာမုဒီက ဇူလိုင် ၁၈ ရက်က ပြောကြားသည်။

နိုင်ငံ၏ စီးပွားရေးမြို့တော် မွမ်ဘိုင်းမြို့ ဗုံးခွဲတိုက်ခိုက်ခံရပြီးနောက် ဇနီးဖြစ်သူကိုယ်တိုင်သတင်းပေးသဖြင့် ရှာဟာဇက်ရန်ဂရိဆိုသူကို ဗုံးရှစ်လုံးနှင့်အတူ လက်ရဖမ်းဆီးနိုင်ခဲ့ခြင်းဖြစ်သည်။ **(အင်တာနက်)**

အင်္ဂလန်တွင် အချုပ်ကားတိုက်ခိုက်ခံရ

ဆဲလ်ဖို့ဒ် ဇူလိုင် ၁၉

အင်္ဂလန်နိုင်ငံတွင် လက်နက်ကိုင်တစ်စုက အချုပ်ကားတစ်စီးကို အလစ်ဝင်တိုက်ခိုက်သဖြင့် ချုပ်နှောင်ထားသည့် ထောင်သားနှစ်ဦး လွတ်မြောက်သွားခဲ့သည်။ လွတ်မြောက်သွားသူထောင်သားနှစ်ဦးမှာ လက်နက်မှုဖြင့် လီဗာပူးတရားရုံးတွင် လတ်တလောအမှု ရင်ဆိုင်နေရသူများဖြစ်ပြီး ရဲများက ၎င်းတို့နောက် လိုက်လံဖမ်းဆီးလျက်ရှိကြောင်း အေအက်ဖ်ပီသတင်းအရ သိရသည်။ **(အင်တာနက်)**

ဆေးပညာသတင်းဆန်းများ (၁၅)

ဒေါက်တာကံညွန့်

ဒီတစ်ပတ် ဆေးပညာသတင်းဆန်းများကိုတော့ ကလေးတွေ အသက်အန္တရာယ်အတွက် ကာကွယ်သင့်တဲ့ သတင်းတွေနဲ့ စရအောင်ပါ။ ယခုအသစ်ပေါ်ပေါက်လာတဲ့ လျှပ်စစ်ပစ္စည်းအသေးစားလေးတွေမှာ အသုံးပြုနေတဲ့ ဓာတ်ခဲအသေးစားလေး Lithium Button Battery တွေဟာ ကလေးတွေအတွက် အထူးအန္တရာယ်ရှိကြောင်း လေ့လာထားတဲ့ သတင်းပါ။ ဒီဓာတ်ခဲလေးတွေဟာ များသောအားဖြင့် Computer Game လက်ကိုင်၊ Remote Control လက်ကိုင်နဲ့ များသောအားဖြင့် နာရီ၊ လက်နှိပ်ဓာတ်မီး၊ ကလေးဆော့ကစားစရာ ပစ္စည်းအမျိုးမျိုးတွေမှာ ထည့်သွင်းအသုံးပြုရတာမို့ ကလေးတွေအတွက် မိဘအုပ်ထိန်းသူတွေမသိဘဲ မျိုချမိနိုင်တဲ့ ပစ္စည်းတွေဖြစ်နေပါတယ်။

ဒီဘက်ထရီလေးတွေကို ကလေးမျိုချမိရင် ကလေးနာတာရှည်ရောဂါရသလို နာမကျန်းဖြစ်ရုံတင်မက အသက်အန္တရာယ်ကို ထိခိုက်နိုင်ကြောင်း ၁၉၇၀ ခုနှစ်ကနေပြီး ၂၀၀၉ ခုနှစ်အထိ အမေရိကန်နိုင်ငံမှာ လေ့လာထားတဲ့ စာတမ်းတစ်စောင်က ဖော်ပြထားပါတယ်။

ဒီလို မျိုချခဲ့လို့ အသက်ဆုံးရှုံးခဲ့ရတဲ့ကလေး ၁၄ ဦးခန့်ရှိခဲ့ပြီး နာမကျန်းဖြစ်ပြီး ပျောက်ကင်းအောင် ကုပေးခဲ့ရသူကတော့ သုံးထောင်ကျော်ရှိခဲ့ပြီးဖြစ်ကြောင်း ဝါရှင်တန်မြို့ National Capital Poison Centre မှ ဒါရိုက်တာဖြစ်သူ Dr.Toby Litovitz က ပြောကြားလိုက်ပါတယ်။

ဒါကြောင့် ဒီဆော့စရာပစ္စည်းတွေနဲ့ ကစားတတ်တဲ့ ငါးနှစ်ပတ်ဝန်းကျင်အရွယ် ကလေးများကို ဒီဘက်ထရီလေးတွေကို မျိုမချမိအောင် အထူးသတိထားသင်ကြားပေးထားသင့်ကြောင်း တင်ပြလိုက်ရပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ယာဉ်မတော်တဆမှုအန္တရာယ်က ကလေးတွေကို တတ်နိုင်သလောက် ကာကွယ်နိုင်အောင် ကလေးတွေ ယာဉ်နဲ့ခေါ်သွားတဲ့ မိဘအုပ်ထိန်းသူတွေက ကလေးကို ခါးပတ်ပတ်ပြီး Safety Belt နဲ့ ခေါ်သွားသင့်ကြောင်း အကြံပြုတင်ပြထားတဲ့ သတင်းပါ။ အများသိကြတဲ့အတိုင်း ယာဉ်တိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုတိုင်းမှာ ကလေးတွေ အသက်ဆုံးရှုံး နေရပါတယ်။ ဒါကြောင့် ပေါင် ၈၀ အောက် ကလေး (အရပ် ၅၇ လက်မထက် မမြင့်တဲ့ကလေး)တွေကို လည်ပင်းအောက်မှ ဝမ်းဗိုက်ပေါ်ထိ ကြိုးသိုင်းခါးပတ်တွေကို တပ်ဆင်အသုံးပြုဖို့နဲ့ ငါးနှစ်အောက် ငယ်သေးတဲ့ကလေးကို (ကားမှာ နောက်လှည့်ထိုင်ခုံရှိနေရင်) ကားရှေ့ဘက်ကို မျက်နှာမမူစေဘဲ ကားနောက်ဘက်ကို မျက်နှာမူထိုင်ခိုင်းပြီး ခါးပတ်ပတ်ထားတဲ့ အုပ်ထိန်းသူရဲ့ ရင်ခွင်ထဲမှာထားသင့်ကြောင်း တင်ပြထားပါတယ်။

ဒီလိုထားခြင်းဖြင့် ယာဉ်မတော်တဆဖြစ်မှုတိုင်းမှာ ကလေးတွေဟာ ပြင်းထန်စွာ ထိခိုက်ဒဏ်ရာရမှုက ကာကွယ်နိုင်ကြောင်း၊ များသောအားဖြင့် ထိခိုက်ဒဏ်ရာများစွာရတဲ့ ယာဉ်တိုက်မှုတွေကို လေ့လာကြည့်တဲ့အခါ ကား ၁၀ စီးမှာ ခုနစ်စီးခန့်ဟာ ဒီလိုခါးပတ်တွေကို အသုံးမပြုခဲ့ကြောင်း တွေ့ရှိရတယ်လို့ ဒီလေ့လာမှုကို စာတမ်းရေးတင်ပြခဲ့တဲ့ အမေရိကန်နိုင်ငံ Chicago မြို့ Loyola University မှ ကလေးပါမောက္ခ Dr.Karen Judy က တင်ပြထားပါတယ်။ (ယခုကျွန်တော်တို့နိုင်ငံမှာလည်း တချို့ဖြစ်ကြတဲ့ ယာဉ်မတော်တဆမှုတွေမှာ မိသားစုတစ်ခုလုံး ဆုံးရှုံးရတာတွေရှိနေလို့ ဒီသတင်းကို တင်ပြလိုက်ရတာပါ။)

နောက်ကလေးတွေနဲ့ပတ်သက်တဲ့ သတင်းတစ်ပုဒ်ကတော့ သွားနဲ့ သက်ဆိုင်တဲ့ သတင်းပါပဲ။ ငယ်သွားလဲတယ်ဆိုပြီး ကလေးအရွယ်မှာ နုတ်လိုက်တဲ့ သွားတစ်ချောင်းဟာ လွှင့်ပစ်ဖို့မလိုတော့ဘူးလို့ ဆိုပါတယ်။ ကလေးမှာ နုတ်လိုက်တဲ့ သွားရော လူကြီးမှာနုတ်တဲ့သွားပါ Stem Cell ကို သယ်ဆောင်ထားတာကြောင့် ယင်းကလေး ကြီးလာတဲ့အခါဖြစ်စေ၊ လူကြီးမှာဖြစ်စေ Stem Cell နဲ့ ကုသဖို့လိုတဲ့ ရောဂါတွေအတွက် သိမ်းဆည်းထားနိုင်တယ်ဆိုတဲ့ သတင်းပါ။ ယင်းသွားကို သုညဒီဂရီအောက် (-၁၀၀)ဒီဂရီအထိ အအေးဓာတ်ရှိတဲ့ နေရာမှာ သိမ်းထားခြင်းဖြင့် နောင်လိုသလို အသုံးပြုနိုင်ကြောင်း အမေရိကန်နိုင်ငံ မီယာမီပြည်နယ်က ဆေးပညာရှင်သုတေသီတစ်စုက ပြောကြားလိုက်ကြောင်း The Miami Herald သတင်းစာမှာ ဖော်ပြထားပါတယ်။ သိမ်းဆည်းခဟာလည်း ဈေးသက်သာပြီး ပထမဦးစွာ ဒေါ်လာ ၅၉၀ သာပေးရပြီး တစ်နှစ်မှာ ဒေါ်လာ ၁၀၀ သာ ထိန်းသိမ်းခအနေနဲ့ ကုန်ကျမှာဖြစ်ပါတယ်။ ယခင်ကတော့ ကလေးအတွက် မိခင်နဲ့ဆက်ထားတဲ့ ချက်ကြိုးရဲ့သွေးကို သိမ်းထားခဲ့ကြောင်းကိုလည်း တင်ပြခဲ့ပြီးဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကလည်း ကလေးတွေနဲ့ပဲ သက်ဆိုင်ပါတယ်။ ကမ္ဘာတစ်လွှား ငါးနှစ်အောက်ကလေး အသေအပျောက်နှုန်းဟာ ယခင်ကထက် ရှစ်သိန်းခန့်လျော့နည်းလာတယ်လို့ ၂၀၀၈ ခုနှစ်ထုတ် UNICEF အစီရင်ခံစာမှာ တင်ပြထားပါတယ်။ ဒါဟာ ကောင်းမွန်တဲ့အလားအလာဖြစ်ပြီး ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးရဲ့ ရည်မှန်းချက်ဖြစ်တဲ့ Millennium Development Goal 4(MDG4) ခေါ်တဲ့ ထောင်စုနှစ်ရည်မှန်းချက် ပန်းတိုင်ဖြစ်တဲ့ ၁၉၉၀ ကနေ ၂၀၁၅ ခုနှစ်အတွင်းမှာ ငါးနှစ်အောက်ကလေး အသေအပျောက်မှုနှုန်း သုံးပုံနှစ်ပုံ လျော့ကျရမယ်ဆိုတဲ့ ရည်မှန်းချက်နဲ့လည်း ကိုက်ညီနေတယ်လို့ ထောက်ပြကြပါတယ်။ ဒီလိုလျော့နည်းလာရတာဟာ မိခင်လောင်းတွေဟာ ကျန်းမာရေးအသိပညာ တိုးတက်လာပြီး သူတို့ကိုစောင့်ရှောက်ကုသပေးတဲ့ ဆေးပညာစနစ် တိုးတက်လာတာရယ်၊ ငှက်ဖျား၊ ခုခံအားကျရောဂါ၊ အသည်းရောင်အသားဝါရောဂါတို့လို မိခင်ကတစ်ဆင့် ကလေးကို ကူးစက်နိုင်မှုကို ကာကွယ်နိုင်တာရယ်ကြောင့်လို့ တင်ပြထားပါတယ်။

ကမ္ဘာတစ်လွှား ဖွံ့ဖြိုးဆဲနိုင်ငံ ၃၁ နိုင်ငံအပါအဝင် ဖွံ့ဖြိုးပြီးနိုင်ငံ ၅၄ နိုင်ငံအနေနဲ့ အကောင်အထည်ဖော်ဖို့ နီးစပ်နိုင်ပေမယ့် ဆင်းရဲတဲ့ နိုင်ငံတွေပါ ပါဝင်တဲ့ အားလုံး ၁၈၇ နိုင်ငံအနေနဲ့ကတော့ အခက်အခဲဖြစ်မယ်လို့ တင်ပြထားကြောင်း ပါခင်ဗျား။

နောက်သတင်းတစ်ပုဒ်ကတော့ ဆေးလိပ်သောက်သူများအတွက် ထိတ်လန့်စရာ သတင်းတစ်ပုဒ်ပါ။ ဆေးလိပ်သောက်သူများဟာ ဆေးလိပ်တစ်လိပ်ကို စသောက်စဉ် ဆေးလိပ်ကို သုံးလေးငါးဖွာ ဖွာရှိုက်တတ်ကြပါတယ်။ ဒီလို ဖွာရှိုက်လိုက်တာနဲ့ ဆေးလိပ်မှာပါတဲ့ အငွေ့အသက်ဟာ အဆုတ်ထဲကနေ သွေးထဲကို တိုက်ရိုက်ရောက်သွားပြီး သွေးထဲက Gene တစ်ခုကို ပျက်စီးစေကာ ယင်းပျက်စီးသွားတဲ့ Gene ဟာ ကင်ဆာရောဂါ စဖြစ်စေတယ်ဆိုတဲ့ သတင်းပါပဲ။ ဒီအဖြစ်အပျက်ဟာ မထင်မှတ်လောက်အောင်သိပ်မြန်ဆန်ပြီး သွေးထဲကို တိုက်ရိုက်ဆေးသွင်းလိုက်သလိုမျိုး အကျိုးသက်ရောက်စေတာလို့ ဆိုပါတယ်။ ဒါဟာ ဆေးလိပ်ငွေ့မှာပါတဲ့ PAHS လို့ အတိုကောက်ခေါ်တဲ့ Polycyclic Aromatic Hydrocarbon နဲ့ Phenanthrene ဆိုတဲ့ Toxic Substance တွေကြောင့်ဖြစ်ပြီး Gene ထဲမှာရှိတဲ့ DNA ကို Mutation ဖြစ်စေကာ ကင်ဆာဆဲလ်အဖြစ် ပြောင်းလဲစေခဲ့တာလို့ ဆိုပါတယ်။

ဒီစာတမ်းကို အမေရိကန် ဓာတုဗေဒအသင်းကြီး American Chemical Society က ထုတ်ဝေတဲ့ Chemical Research in Toxicology မှာ ဖော်ပြထားပါတယ်။

ဆေးလိပ်နဲ့ပတ်သက်တဲ့ နောက်သတင်းတစ်ပုဒ်မှာလည်း ဆေးလိပ်သောက်သုံးသူရှိတဲ့ အိမ်တစ်အိမ်မှာ အိမ်ကြမ်းပြင်၊ အိမ်ပရိဘောဂ၊ ဗီရို၊ အဝတ်အစား၊ ဆိုဖာ၊ ကော်ဇော၊ အစားအသောက်အားလုံးမှာ ဆေးလိပ်ငွေ့စွဲကပ်နေတာကြောင့် အိမ်မှာရှိနေသူအားလုံး (အထူးသဖြင့် ကြမ်းပြင်မှာ ဆော့ကစားနေတဲ့ ကလေးတွေအပါအဝင်) ဆေးလိပ်သောက်သုံးသူကဲ့သို့ ခံစားရတာကြောင့် အန္တရာယ်ရှိနိုင်ကြောင်း တင်ပြထားပါတယ်။ ဆေးလိပ်မှာပါတဲ့ Nicotine ဓာတ်ဟာ အိမ်ထဲမှာရှိတဲ့ Ozone ဓာတ်ငွေ့နဲ့ပေါင်းပြီး အဆိပ်ဓာတ်ငွေ့ဖြစ်စေတာလို့ ဆိုပါတယ်။ ဒါကို အစ္စရေးနိုင်ငံ Haifa မြို့မှာရှိတဲ့ Isreal Institute of Technology မှ သိပ္ပံသုတေသီတစ်စုက လေ့လာတင်ပြထားကြတာ ဖြစ်ပါတယ်။

နောက်သတင်းတစ်ပုဒ်ကတော့ ၁၉၉၇ ခုနှစ်က ဟောင်ကောင်မှာ စဖြစ်ပြီး ၂၀၀၄ ခုနှစ်မှာ တစ်ကမ္ဘာလုံး ပျံ့နှံ့အောင် လူတွေကိုပါ ဒုက္ခပေးခဲ့တဲ့ H_5N_1 Avian Influenza လို့ခေါ်တဲ့ ကြက်ငှက်တုပ်ကွေးရောဂါကို ပျောက်ကင်းအောင် ကာကွယ်နိုင်တော့မယ်ဆိုတဲ့ သတင်းပါပဲ။ ဥရောပသိပ္ပံပညာရှင်တစ်စုက သူတို့ဟာ H_5N_1 Virus မကူးနိုင်တဲ့ ကြက်ကို မျိုးရိုးဗီဇ ပြောင်းလဲနည်းနဲ့ စမ်းသပ်မွေးထုတ်နိုင်ခဲ့ပြီလို့ ကြေညာလိုက်ကြပါတယ်။ ဒီကြက်ဟာ H_5N_1 ကူးတာကိုတော့ခံနိုင်ပြီး နောက်ထပ်ပြန့်ပွားအောင် လုပ်နိုင်စွမ်းမရှိဘူးလို့ သိရပါတယ်။ ဒါကို Canbridge နှင့် Ediburgh ရှိ ဆရာဝန်တစ်စုက ပြုလုပ်နိုင်ခဲ့တာလို့ သိရပါတယ်။

ဒါကြောင့် နောက်နောင် ကြက်ငှက်တုပ်ကွေးရောဂါနဲ့ ပတ်သက်ပြီး လူတွေကို မကူးနိုင်အောင် တားနိုင်တော့မယ်ဆိုတာ တင်ပြလိုက်ရပါတယ်။

နောက်တင်ပြလိုတဲ့ သတင်းတစ်ပုဒ်ကတော့ ယခုဆေးလောကမှာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြတဲ့ (NSAID)Non-Steroidal Anti Inflammatory Drug လို့ခေါ်တဲ့ အရောင်လျော့အကိုက်အခဲပျောက်ဆေးတွေဟာ Dosage များများနဲ့ ကြာကြာသုံးရင် နှလုံးရောဂါ၊ လေဖြတ်ရောဂါတို့ ရနိုင်တယ်ဆိုတဲ့ သတင်းပါ။ အခုလေ့လာချက်ဟာ ဆွစ်ဇာလန်နိုင်ငံက သုတေသီတစ်စုက လေ့လာချက် ၃၁ ခုနဲ့စမ်းသပ်ပြီးမှ ပေါ်ထွက်လာတာပါ။ ဒင်းလေ့လာချက်အရ ယခုလက်ရှိဈေးကွက်ထဲမှာ အသုံးပြုနေတဲ့ NSAID ဆေးနှစ်မျိုးဖြစ်တဲ့ Celebrex နဲ့ Advil ဆိုတဲ့ ဆေးနှစ်မျိုးဟာ စားသုံးရန်မသင့်ကြောင်း တင်ပြထားကြပါတယ်။ အဲဒီလိုပဲ ၂၀၀၄ ခုနှစ်တုန်းကလည်း လေ့လာချက်တစ်ခုမှာ NSAID ဆေးတစ်မျိုးဖြစ်ပြီး COX-2 Inhibitor အုပ်စုမှာပါတဲ့ Vioxx ခေါ်တဲ့ Rofecoxib ဆေးကိုလည်း စားသုံးရန် မသင့်တော်ကြောင်း လေ့လာတွေ့ရှိတာကြောင့် ဈေးကွက်ထဲက တားမြစ်ခဲ့ရပါသေးတယ်။

ဒါကြောင့် အရောင်လျော့အကိုက်အခဲပျောက်ဆေးတွေကို ဆရာဝန်ကြီးတွေ မညွှန်ကြားဘဲ ကိုယ့်ဟာကိုယ် အလွယ်တကူ တာရှည်မသောက်သုံးကြဖို့ တင်ပြရင်း ယခုအပတ်ဆေးပညာသတင်းဆန်းများ တင်ပြခြင်းကို နိဂုံးချုပ်လိုက်ရပါတယ်။ ။

မြန်မာ့အလင်း ဖောင်ပိတ်သတင်း

အမေရိကန်နိုင်ငံ၌ မိုးသီးမုန်တိုင်းတိုက်ခတ် လေယာဉ်များပျက်စီး၊ ခရီးစဉ်များဖျက်သိမ်းရ

ဒင်ဗာ ဇူလိုင် ၁၉

အမေရိကန်နိုင်ငံ၌ မိုးသီးမုန်တိုင်းများ ထပ်မံကျရောက်လာသဖြင့် ထိခိုက်ပျက်စီးမှုများရှိပြီးနောက် ဒင်ဗာ နိုင်ငံတကာလေဆိပ်မှ ထွက်ခွာမည့် လေကြောင်းခရီးစဉ် ၁၃ခု ထပ်မံဖျက်သိမ်းလိုက်ရကြောင်း အမေရိကန် လေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သည့် ယူနိုက်တက်အဲယားလိုင်းက ဇူလိုင် ၁၉ ရက်တွင် ကြေညာသည်။

မိုးသီးမုန်တိုင်းများကြောင့် ဇူလိုင် ၁၄ ရက်နှင့် ၁၅ ရက်တို့က ဒင်ဗာလေယာဉ်ခရီးစဉ် ၁၀၀ ကျော်ကို မိမိတို့ ဖျက်သိမ်းလိုက်ရကြောင်း ယူနိုက်တက်အဲယားလိုင်းက ကြေညာသည်။ ယင်း၏ လေယာဉ် ၁၁ စင်းကိုလည်း ယခုအခါမသုံးစွဲ၊ မပြေးဆွဲနိုင်ဘဲ စစ်ဆေးနေရသည်ဆို၏။

ဖော်ပြထား

ဒင်ဗာ နိုင်ငံတကာလေဆိပ်၏ ဝက်ဘ်ဆိုက်တွင် ဇူလိုင် ၁၇ ရက်က ဆိုက်ရောက်လာမည့် လေယာဉ်ခရီးစဉ် ၂၀ ခန့် ဖျက်သိမ်းလိုက်ရကြောင်း ဖော်ပြထားသည်။

ထုတ်ပြန်ကြေညာ

ထိုအတောအတွင်း အမေရိကန် လေကြောင်း ကုမ္ပဏီတစ်ခုဖြစ်သော ဖရန့်တီယာ အဲယားလိုင်းကလည်း ဇူလိုင် ၁၇ ရက်တွင် ခရီးစဉ် ၃၇ခုကို ဖျက်သိမ်းပြီး ဇူလိုင် ၁၈ ရက်တွင် ခရီးစဉ် ၃၉ ခုနှင့် ဇူလိုင် ၁၉ ရက်တွင် ခရီးစဉ် ၁၈ ခုတို့ကို ဖျက်သိမ်းခဲ့ရကြောင်း ထုတ်ပြန်ကြေညာသည်။

ဒင်ဗာမြို့မှ ဆောက်ဝက်အဲယားလိုင်း ကုမ္ပဏီကလည်း မိုးသီးမုန်တိုင်းကြောင့် လေယာဉ်သုံးစင်း ပျက်စီးသွားသည်ဟု ကြေညာသည်။

မိုးသီးများမှာ ဆီးသီးလုံးခန့်ရှိပြီး **(အောက်ပုံ)** ၎င်းမိုးသီးမုန်တိုင်းကြောင့် လေယာဉ်ပျက်စီးမှုများရှိသော်လည်း မည်ရွေ့မည်မျှ နစ်နာဆုံးရှုံးရသည်ကို လောလောဆယ် မဖော်ပြနိုင်သေးကြောင်းသိရသည်။ **(အင်တာနက်)**

➤ သတင်းမှတ်စု–တိုး ➤

မြန်မာ့ရုပ်မြင်သံကြား

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော် -ယောဆရာတော်ဟောကြားတော်မူသော ဉပ္ပါတသန္တိပါဠိတော်
၇း၂၅ ၂။ ကျန်းမာဖို့အတူကစားစို့
၇း၂၅ ၃။ နံနက်ခင်းသတင်း
၇း၄၀ ၄။ အောင်တော်မူ (စောမင်းနောင်၊ စိုင်းညီမင်း၊ တေးရေး- ဗိုလ်ကလေးတင့်အောင်)
၇း၅၀ ၅။ သံသာချို့အေးမင်္ဂလာတေး
၈း၀၀ ၆။ သက်ရှည်ကျန်းမာလေ့ကျင့်ပါ
၈း၁၀ ၇။ တေးသရုပ်ဖော်အစီအစဉ်
၈း၁၅ ၈။ မြူးမြူးကြွကြွယဉ်ကျေးမှုအက
၈း၂၅ ၉။ တေးဂီတအစီအစဉ်
၈း၄၀ ၁၀။ International News
၈း၄၅ ၁၁။ အတီးပြိုင်ပွဲ
၈း၅၀ ၁၂။ နိုင်ငံတကာ ချူကလီးယား စွမ်းအင်များ

ညပိုင်း

၄း၀၀ ၁။ စစ်ချီတေး၊ စစ်သည်တေး
၄း၁၀ ၂။ တေးဂီတအစီအစဉ်
၄း၂၅ ၃။ ပြည်ထောင်စုတိုင်းရင်းသားရိုးရာအက
၄း၃၀ ၄။ လှေကားသုံးထစ်ဆင်းတဲ့အခါ
၄း၄၀ ၅။ အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ -ဒုတိယနှစ် (စိတ်ပညာအထူးပြု) (စိတ်ပညာ)
၄း၅၅ ၆။ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးတေးများ
၅း၀၀ ၇။ သီချင်းကြီးပဒေသာ
၅း၀၅ ၈။ ရှုဖွယ်စုံလင်အာဆီယံအစီအစဉ်
၅း၁၅ ၉။ International Science News
၅း၃၀ ၁၀။ ဆိုကြပျော်ရွှင်တေးသံစဉ်
၆း၀၀ ၁၁။ ညနေခင်းသတင်း
၆း၁၅ ၁၂။ မိုးလေဝသအခြေအနေ
၆း၂၀ ၁၃။ မြန်မာ့ဓလေ့ရိုးရာလက်ဖွဲ့
၆း၃၀ ၁၄။ ရွှေရင်ခုန်သံ
၆း၅၀ ၁၅။ (၂၆)ကြိမ်မြောက်အရှေ့တောင်အာရှအားကစားပြိုင်ပွဲ ကြိုတင်ပြင်ဆင်မှုများ (ဘီလိယက်နှင့်စနူကာ)
၇း၀၀ ၁၆။ အိမ်ထောင်စုဝင်လူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြားထုတ်ပေးခြင်းလုပ်ငန်းတွင် ဖြေလျှော့ဆောင်ရွက်ပေးမည့် အချက်အလက်များနှင့် သိကောင်းစရာများ
၇း၃၀ ၁၇။ အေဝမ်းစိုးမြင့်ဝိုင်းသံစုံတူရိယာဖျော်ဖြေခန်း
၈း၀၀ ၁၈။ ပြည်တွင်းသတင်း
၁၉။ နိုင်ငံတကာသတင်းများ
၂၀။ မိုးလေဝသအခြေအနေ
၂၁။ **ပျော်ရွှင်ရင်ခုန်ပြကွက်စုံ**
၂၂။ နိုင်ငံခြားဇာတ်လမ်းတွဲ **သစ္စာလွှမ်းသောမေတ္တာ** (အပိုင်း-၇၇)
၂၃။ မြန်မာဗီဒီယိုဇာတ်လမ်း **အဲဒီလိုနဲ့ သူတို့နဲ့ကိုယ်နဲ့** လွင်မိုး၊ မင်းဟိဏ်း၊ ချောရတနာ၊ သဇင်၊ ဖူးစုံ၊ ပြည့်ဖူးခိုင် ဒါရိုက်တာ-ကိုဇော်(အရဏ်ဦး)

မြဝတီရုပ်မြင်သံကြား

၂၀-၇-၂၀၁၁ (ဗုဒ္ဓဟူးနေ့)

နံနက်ပိုင်း

၇း၀၀ ၁။ မြဝတီအဖွင့်
၇း၀၂ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၇း၀၅ ၃။ နိုင်ငံတော်သီချင်း
၇း၁၀ ၄။ တရားတော်
၇း၁၅ ၅။ ဓမ္မပူဇာတေး
၇း၂၀ ၆။ မျိုးချစ်တပ်မတော်
၇း၂၅ ၇။ မြန်မာ့ရှုခင်း
၇း၃၀ ၈။ မြန်မာသံစဉ် ချိုနားဝင်
၇း၄၀ ၉။ သာယာသီကြွေးခေတ်ဆန်းတေး
၇း၅၀ ၁၀။ အမျိုးသားရေးတေးကဗျာ
၈း၀၀ ၁၁။ မြဝတီရုပ်မြင်သံကြားသတင်း
၈း၁၀ ၁၂။ အမျိုးသားရေးတေးကဗျာ

ညပိုင်း

၄း၀၀ ၁။ မြဝတီအဖွင့်
၄း၀၁ ၂။ အဖွင့်နှုတ်ခွန်းဆက်စကား
၄း၀၂ ၃။ နိုင်ငံတော်သီချင်း
၄း၀၃ ၄။ အဖွင့်သီချင်း
၄း၁၀ ၅။ မျိုးချစ်တပ်မတော်
၄း၁၅ ၆။ အမျိုးသားရေးတေးကဗျာ
၄း၄၀ ၇။ ဇာတ်လမ်းတို
၄း၄၅ ၈။ ရင်ခုန်စီးဆင်း အချစ်သီချင်း
၄း၅၀ ၉။ လျှပ်တစ်ပြက်
၅း၀၀ ၁၀။ သာယာသီကြွေးခေတ်ဆန်းတေး
၅း၃၀ ၁၁။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **မာယာနှုတ်ခမ်း** (အပိုင်း-၈၃)
၆း၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆း၁၀ ၁၃။ အမျိုးသားရေးတေးကဗျာ
၆း၂၀ ၁၄။ Mail Box
၆း၃၅ ၁၅။ ကာတွန်းအစီအစဉ် **ကြယ်တာရာမင်းသားလေး** (အပိုင်း-၄၀)
၇း၀၀ ၁၆။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ရတနာစံအိမ်** (အပိုင်း-၄၃)
၈း၀၀ ၁၇။ မြဝတီရုပ်မြင်သံကြားသတင်း
၁၈။ အမျိုးသားရေးတေးကဗျာ
၁၉။ ဒို့တာဝန်အရေး(၃)ပါး
၂၀။ နိုင်ငံတကာသတင်း
၂၁။ မိုးလေဝသသတင်း
၂၂။ ရယ်စရာပျော်စရာ ဟာသကမ္ဘာ **ဘကြီးအောင်မညာဘူး (ဇာတ်သိမ်း)** ဟန်ထက်စော၊ ရီရီပွင့်ဖြူ ခင်လှိုင်နှင့် သရုပ်ဆောင်များ ဒါရိုက်တာ-စိန်လင်း(ပုံရိပ်ရွှေမြေ)
၂၃။ အိုင်စီတီ သုတ
၂၄။ ယနေ့ညအတွက် မြဝတီ၏တေးလက်ဆောင်
၂၅။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **ပေါင်မုန့်အချစ် အိပ်မက်လေးရယ်** (အပိုင်း-၂၂)
၂၆။ **ကြယ်ကလေးတို့ရဲ့ဂီတ မိုးကောင်းကင်**

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်) စုပေါင်းအလှူပွဲ ကျင်းပမည်

ရန်ကုန် ဇူလိုင် ၁၉

ဆင်ဖြူကျွန်းအသင်း (ရန်ကုန်)၏ စုပေါင်းအလှူပွဲကို ဇူလိုင် ၂၄ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီတွင် ရွှေတိဂုံစေတီတော် အရှေ့ဘက်မုခ်အနီး ကြားတောရလမ်းရှိ ကုန်သွယ်လယ်ယာဓမ္မာရုံ၌ ကျင်းပမည်ဖြစ်ရာ အသင်းသူအသင်းသားများနှင့် ဆင်ဖြူကျွန်းမြို့သူမြို့သားများ မပျက်မကွက် တက်ရောက်ကြရန်နှင့် ပါဝင်လှူဒါန်းလိုသူများသည် ဦးမောင်မောင်ကြီး ဖုန်း-၀၉-၈၀၂၄၂၅၀၊ ဦးစန်းလွင် ဖုန်း - ၀၁-၅၃၀၀၅၈၊ ဦးခင်ထွန်း ဖုန်း-၀၉-၅၁၇၀၃၂၉နှင့် ဦးမောင်မောင်လင်း ဖုန်း-၀၉-၈၆၁၄၀၁၂ တို့ထံသို့ စာရင်းပေးသွင်းလှူဒါန်းကြရန် နှိုးဆော်ထားကြောင်း သိရှိရသည်။

(မြန်မာ့အလင်း)

ကွင်းဆင်းစစ်ဆေး

ကျောက်ဆည်မြို့နယ် မြေစိုရွာနှင့် မြစ်သားမြို့နယ် ရေဝန်းရွာအား ဆက်သွယ်သော ကျေးလက်မြေသားလမ်းအား အဆင့်မြှင့်တင်မှုကို ဇူလိုင် ၅ ရက်က လက်ထောက်အင်ဂျင်နီယာ ဦးတင်အောင်အေးနှင့်အဖွဲ့ ဆောင်ရွက်လျက်ရှိရာ အမှုဆောင်အရာရှိ ဦးမျိုးသိန်း ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၉

ဆက်သွယ်ရေး၊စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထွန်းအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ ကိုရီးယားသမ္မတနိုင်ငံ သံအမတ်ကြီး H. E. Mr. Kim Hae - Yong သည် ယမန်နေ့ နံနက်ပိုင်းက နေပြည်တော်ရှိ ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ နှစ်နိုင်ငံ အိုင်တီနည်းပညာများ ပူးပေါင်းဆောင်ရွက်ရေး၊ ဆက်သွယ်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်စေရေးအတွက် အလုပ်ရုံဆွေးနွေးပွဲများကျင်းပရေး စသည့်လုပ်ငန်းများတွင် နှစ်နိုင်ငံ တိုးမြှင့်ပူးပေါင်းဆောင်ရွက်နိုင်ရန် ဆွေးနွေးခဲ့ကြသည်။ **(ဝဲပုံ)**

ထိုသို့ တွေ့ဆုံရာတွင် ဆက်သွယ်ရေး၊ စာတိုက်နှင့် ကြေးနန်းဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးတင့်လွင်၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာ ကိုကိုဦး၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သိပ္ပံနည်းကျပေါင်စနစ်ဖြင့် ပျိုးထောင်နည်း မော်လမြိုင်ကျွန်း၌ သရုပ်ပြပွဲကျင်းပ

မော်လမြိုင်ကျွန်း ဇူလိုင် ၁၉

လပွတ္တာခရိုင် မော်လမြိုင်ကျွန်းမြို့နယ် မြန်မာ့စိုက်ပျိုးရေးလုပ်ငန်း၏ ဦးဆောင်မှုဖြင့် တစ်ဧကတင်း ၁၀၀ နှင့်အထက် ထွက်ရှိရေးအတွက် သိပ္ပံနည်းကျ စိုက်ပျိုးနည်းစနစ် (၁၄) ချက်နှင့်အညီ ပေါင်ပျိုးစနစ်ဖြင့် ပျိုးထောင်စိုက်ပျိုးနည်း ပညာပေး သရုပ်ပြပွဲကို ဇူလိုင် ၁၀ ရက် နံနက် ၈ နာရီက မော်လမြိုင်ကျွန်းမြို့နယ် ဖူထီကျေးရွာ ကွင်းအမှတ်(၁၂၂၉)၊ ဦးပိုင်အမှတ် (၁/၅)ရှိ တောင်သူဦးသက်ခိုင်၏ မိုးစပါးအထွက်ကောင်းမျိုး စံပြကွက် သုံးဧက၌ ကျင်းပသည်။ **(အောက်ပုံ)**

ကြည့်ရှုလေ့လာ

အဆိုပါ သရုပ်ပြပွဲသို့ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးနိုင်ထွန်း၊ မြို့နယ်မြန်မာ့စိုက်ပျိုးရေးလုပ်ငန်းမန်နေဂျာ ဦးသိန်းထွန်းနှင့် ဝန်ထမ်းများ၊ မြို့နယ်မြေစာရင်းဦးစီးဌာန ဦးစီးအရာရှိ ဦးဟန်မျိုးဝင်းနှင့် ဝန်ထမ်းများ၊ ဖူထီ၊ ဝက်ကွင်း၊ နွားရေကျော်ညောင်လန်းနှင့် မယ်တလိုင်းကျေးရွာများမှ ဒေသခံတောင်သူများက ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(ဝဇ၅)**

ကျိုက်ထို၌ ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံလှူဒါန်း

ကျိုက်ထို ဇူလိုင် ၁၉

ကျိုက်ထိုမြို့နယ် အုပ်ချုပ်ရေးမှူး ဦးတင်အောင်ဝင်း ဦးဆောင်မှုဖြင့် ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံလှူဒါန်းပွဲကို ဇွန် ၁၄ရက် မွန်းလွဲ ၁နာရီက အမက ဖက္ကလိပ်ကျောင်းတွင် ကျင်းပသည်။

အခမ်းအနားတွင် ကျောင်းသား ၁၅၈ဦးအတွက် ငွေကျပ်၁၀သိန်းတန်ဖိုးရှိ ကျောင်းသုံးစာအုပ်နှင့် ကျောင်းဝတ်စုံများကို အလှူရှင် ဦးခွန်လှဦး-ဒေါ်ဖြူဖြူခိုင်၊ သား မောင်ဇွဲထူးနိုင်တို့က လှူဒါန်းခဲ့ကြကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

ရန်ကုန်တိုင်းဒေသကြီး တာမွေမြို့နယ် သမဝါယမအသင်းစုလီမိတက်၏ ၂၀၁၀-၂၀၁၁ ဘဏ္ဍာရေးနှစ် အရပ်ရပ်ဆိုင်ရာ အစည်းအဝေးကို ဇူလိုင် ၁၈ ရက်က မြို့နယ်သမဝါယမအသင်းစုလီမိတက်ရုံးခန်းမ၌ ကျင်းပရာ သဘာပတိ မြို့နယ်အသင်းဥက္ကဋ္ဌ ဦးမြင့်နိုင် အမှာစကားပြောကြားစဉ်။ (၀၄၄)

လမ်းဘေးဝဲယာ အရိပ်ရပင်များ ဘားအံမြို့နယ်၌ စိုက်ပျိုး

ဘားအံ ဇူလိုင် ၁၉

ဘားအံမြို့ ဘားအံ-ဒုံရင်းလမ်းရှိ နည်းပညာတက္ကသိုလ်ရှေ့ လမ်းဘေးဝဲယာ သာယာလှပရေးအတွက် အရိပ်ရပင်၊ ပန်းအလှပင်များ စိုက်ပျိုးခြင်းကို ဇွန် ၂၂ ရက်က ဘားအံမြို့နယ် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးနီထွန်းနှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဒေါ်နေခြည်လွင်တို့ ကြီးကြပ်ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

သားငါးကုန်ထုတ်အသင်းဖွဲ့စည်းရေး ပန်းတနော်မြို့နယ်၌ ကွင်းဆင်းဆောင်ရွက်

ပန်းတနော် ဇူလိုင် ၁၉

ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ကျစေရေးအတွက် သားငါးကုန်ထုတ်အသင်း ဖွဲ့စည်းရေးဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀ နာရီက ဧရာဝတီတိုင်းဒေသကြီး ပန်းတနော်မြို့နယ် အင်းမကျေးရွာ၌ကျင်းပရာ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးကျော်မင်း၊ ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစိန်သောင်း၊ မြို့နယ် ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးဇော်မင်းဦးတို့ ပန်းတနော်မြို့နယ် အင်းမကျေးရွာရှိ ပီလာငါးခြောက် ငါးကုန်ထုတ်အစုအဖွဲ့ဝင်များနှင့်တွေ့ဆုံကာ လုပ်ငန်းရှင်များအား ငါးကုန်ထုတ်အသင်း ဖွဲ့စည်းရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ **(အောက်ပုံ)**

မျိုးစိုက်ထည့်

ထို့နောက် တက်ရောက်လာသူများက အင်းမကျေးရွာအတွင်းရှိ တောင်သူ ၂၀ ၏ စပါးစိုက်ကွင်းများအတွင်း ငါးသယံဇာတ မပြုန်းတီးစေရေးနှင့် တစ်ပိုင်တစ်နိုင် စားသုံးနိုင်ရေးအတွက် ငါးကောင်ရေ ၁၂၀၀ အား စုပေါင်းမျိုးစိုက်ထည့်ခဲ့ကြကြောင်း သိရှိရသည်။ **(၁၄၃)**

ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေး

ဓနုဖြူ ဇူလိုင် ၁၉

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် ဓနုဖြူမြို့နယ် ငါးလုပ်ငန်းဦးစီးဌာနက ကြီးမှူး၍ မြို့နယ်အတွင်းရှိ ကျောင်းများတွင် ငါးသယံဇာတထိန်းသိမ်းရေးလှုပ်ရှားမှု ဓာတ်ပုံများပါဝင်သော ကျောင်းသုံးဗလာစာအုပ်များလှူဒါန်းခြင်း၊ ကမ္ဘာ့ရာသီဥတု ပြောင်းလဲမှုနှင့် ငါးသယံဇာတထိန်းသိမ်းရေး အသိပညာပေးဆွေးနွေးခြင်း အခမ်းအနားကို ဇူလိုင် ၁၃ ရက် နံနက် ၁၀ နာရီက ဓနုဖြူမြို့ အမှတ်(၁၁)ရပ်ကွက်ရှိ ရွှေကူ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၌ကျင်းပရာ အခမ်းအနားတွင် ဓနုဖြူမြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးနိုင်ဝင်းက အမှာစကား ပြောကြားပြီး မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်လှိုင်က ငါးလုပ်ငန်းနှင့် ပတ်သက်သည့် သိကောင်းစရာများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာန ဦးစီးမှူးက ရာသီဥတုပြောင်းလဲမှုနှင့် ငါးသယံဇာတထိန်းသိမ်းရေးအတွက် အသိပညာပေး အချက်အလက်များကို ရှင်းလင်းပြောကြားသည်။ ထို့နောက် ရွှေကူအခြေခံပညာ အထက်တန်းကျောင်း(ခွဲ)ရှိ ချို့တဲ့နွမ်းပါးသူ ကျောင်းသား ကျောင်းသူ သုံးဦးအား ကျောင်းဝတ်စုံများ ထောက်ပံ့ပေးအပ်သည်။ **(အပေါ်ပုံ)**

၎င်းနောက် ရွှေကူအခြေခံပညာအထက်တန်းကျောင်း(ခွဲ)မှ ကျောင်းအုပ်ဆရာမကြီး ဒေါ်မြတ်မြတ်ကျော်အား ဧရာဝတီတိုင်းဒေသကြီး ငါးလုပ်ငန်းဦးစီးဌာနမှ ဦးစီးမှူး ဦးကျော်မင်းက ငါးသယံဇာတထိန်းသိမ်းရေး လှုပ်ရှားမှုဓာတ်ပုံများ ပါဝင်သော ဗလာစာအုပ် ၅၀၀ ကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရှိရသည်။ **(၁၄၇)**

ချင်းတွင်းတံတား(မုံရွာ) ရေလမ်းကြောင်း ပြောင်းလဲသတ်မှတ်

နေပြည်တော် ဇူလိုင် ၁၉

ချင်းတွင်းတံတား(မုံရွာ)ရေလမ်း၌ ရေယာဉ်များဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို အစုန်၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄) အကြားမှ သတ်မှတ်ဖွင့်လှစ်ထားခဲ့သည်။ ယခုအခါ ရေများသည့်ကာလသို့ ရောက်ရှိပြီဖြစ်သဖြင့် ရေလမ်းကြောင်းအခြေအနေအရ ရေယာဉ်များ ဖြတ်သန်းသွားလာရန် ရေလမ်းကြောင်းကို ဇူလိုင် ၁၂ ရက်မှစ၍ အစုန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၃)နှင့် (၄)အကြားမှလည်းကောင်း၊ အဆန်လမ်းအဖြစ် ရေလယ်တိုင် အမှတ်(၂)နှင့် (၃) အကြားမှလည်းကောင်း ပြောင်းလဲသတ်မှတ် ဖွင့်လှစ်ထားသည်။

ပြောင်းလဲထားသည့် ရေလမ်းကြောင်း၏ ကင်းလွတ်အကျယ်မှာ ပေ ၃၀၀ရှိပြီး ကင်းလွတ်အမြင့်မှာ အမြင့်ဆုံး ရေမျက်နှာပြင်အထက် ပေ ၄၀ ရှိသည်။ ရေယာဉ်များ ဖြတ်သန်းရမည့် ဝင်ပေါက်၌ အစိမ်းရောင်တြိဂံ အမှတ်အသားပြသ၍ ညအခါ မီးစိမ်းထွန်း ပြသထားသည်။ မဝင်ရမည့် ရေလမ်း၌ အနီရောင်ကြက်ခြေခတ် အမှတ်အသားပြသ၍ ညအခါ မီးနီထွန်းပြသထားသည်။

သတိပေးနှိုးဆော်

တံတားရေလယ်တိုင်များ၏ အောက်ခြေပိုင်တိုင်အုတ်ခုံမှာ ရေလယ်တိုင်များ၏ တစ်ဖက်တစ်ချက်၌ ၁၅ ပေခန့် အစွန်းထွက်နေသဖြင့် ရေယာဉ်များ ရေလယ်တိုင်နှစ်ခုအကြားမှ ဖြတ်သန်းရာတွင် ယှဉ်ပြိုင်ခုတ်မောင်းခြင်း မပြုကြရန်နှင့် တွန်းရေယာဉ်များ တစ်တွဲချင်းသာ ချိတ်ဆွဲဖြတ်သန်းကြရန်အပြင် အစုန်ဦးစားပေး၍ ဝင်ပေါက်သို့ချဉ်းကပ်ရာ၌ ရေစီးနှုန်း၊ လေတိုက်နှုန်းတို့ကို ချိန်ဆပြီး လုံလောက်သောအကွာအဝေးမှ ချဉ်းကပ်လမ်းကြောင်းမှန်ဖြင့် ထိန်းသိမ်းခုတ်မောင်းကြရန် ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ရေလမ်းသတိပေးနှိုးဆော်ချက် သတင်း ထုတ်ပြန်ထားသည်။ **(သတင်းစဉ်)**

သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး မိုးမောက်၌ ကွင်းဆင်းဆောင်ရွက်

မိုးမောက် ဇူလိုင် ၁၉

ကချင်ပြည်နယ် မိုးမောက်မြို့နယ်တွင် မြို့နယ်အုပ်ချုပ်ရေးမှူးဦးဆောင်၍ အောင်သာကုန်းကျေးရွာ အလယ်တန်းကျောင်းခွဲခန်းမ၌ ဇူလိုင် ၉ ရက် နံနက် ၇ နာရီက သွေးလွန်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး ဖုံး၊ သွန်၊ လဲ၊ စစ် ပညာပေး ဟောပြောပွဲကျင်းပရာ အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်စိန်က အမှာစကားပြောကြားပြီး မြို့နယ်ဆရာဝန် ဒေါက်တာကြည်ရွှေက သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေးနည်းလမ်းများ၊ ယင်လုံအိမ်သာသုံးစွဲရေးနှင့် ပတ်သက်သည့် ပညာပေးဆွေးနွေးခြင်းများကို ဟောပြောခဲ့သည်။

ထို့နောက် အခမ်းအနားသို့ တက်ရောက်လာကြသော မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ ကြက်ခြေနီ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများက အုပ်စုခွဲ၍ အောင်သာကုန်းကျေးရွာအတွင်းသို့ တစ်အိမ်တက်ဆင်း ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းနှင့် ယင်လုံအိမ်သာ သုံးစွဲရေးကိစ္စများကို ကွင်းဆင်းဆွေးနွေးဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(မြို့နယ် ပြန်/ဆက်)**

ပြင်ဦးလွင်မြို့နယ် မြို့မဈေးကြီးအတွင်း ရေစီးရေလာကောင်းမွန်ရေးနှင့် ဈေးသန့်ရှင်းရေးအတွက် ဇူလိုင် ၂ ရက်က လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းအောင်ခင်နှင့် အင်ဂျင်နီယာမှူး ဦးသန်းထိုက်ဦးတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာပြည်သူ့ဆေးရုံနှင့် မုံရွာဘူတာ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇူလိုင် ၁၉

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးသာအေးသည် ဇူလိုင် ၁၈ ရက် နံနက် ၈ နာရီတွင် မုံရွာမြို့ ပြည်သူ့ဆေးရုံကြီးတိုးချဲ့နှစ်ထပ်လူနာဆောင်သစ် ဆောက်လုပ်နေမှုကို ကြည့်ရှုစစ်ဆေးပြီး အရိုးအထူးကုဆောင်၌ တက်ရောက်နေသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ထို့နောက် မုံရွာဘူတာသို့ ရောက်ရှိပြီး ရထားသံလမ်းများ၊ ဘူတာဝန်းကျင်၊ ကုန်လက်ခံဌာန၊ လက်မှတ်အရောင်းဌာနနှင့် ရုံးခန်းများကို ကြည့်ရှုစစ်ဆေးခဲ့သည်။ **(အပေါ်ပုံ)**

ကြည့်ရှုအားပေး

ဆက်လက်၍ တိုင်းရင်းဆေးရုံ၌ အမျိုးသား အမျိုးသမီး တိုးချဲ့လူနာဆောင်သစ် ဆောက်လုပ်နေမှုနှင့် ဆေးရုံ၌ ဆေးကုသမှုခံယူနေကြသော လူနာများအား ကြည့်ရှုအားပေးခဲ့သည်။

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့နှင့် ရွှေဖက်စပ်ကုမ္ပဏီလုပ်ငန်းရှင်များ တွေ့ဆုံပွဲအခမ်းအနားသို့ တက်ရောက်၍ အဖွင့်အမှာစကားပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး သစ်တော၊ သတ္တုနှင့် စွမ်းအင်ဝန်ကြီးဌာနဝန်ကြီး ဦးသန်းထိုက်က ရွှေထုတ်လုပ်မှုလုပ်ငန်းများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး တိုင်းဒေသကြီး ရွှေဖက်စပ်လုပ်ငန်းများကြီးကြပ်ရေးရုံး ဒုတိယအထွေထွေမန်နေဂျာ ဦးထိန်ဝင်းက ရွှေ သတ္တုထုတ်လုပ်ခြင်း လုပ်ငန်းစဉ်များကို လည်းကောင်း၊ တက်ရောက်လာကြသူများက အထွေထွေကိစ္စရပ်များကို လည်းကောင်း ဆွေးနွေးတင်ပြကြသည်။

အမှာစကားပြောကြား

ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆွေးနွေးတင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး အမှာစကားပြောကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပင်လောင်း၌ ကျောက်ချောလမ်းခင်း

ပင်လောင်း ဇူလိုင် ၁၉

ပင်လောင်းမြို့နယ် နမ့်ပါ-ထာမော့-ကောင်ထို ကျေးလက်မြေသားလမ်းကို ကိုယ့်အားကိုယ်ကိုးကျောက်ချောလမ်း အဆင့်မြှင့်ခင်းခြင်းလုပ်ငန်း ဆောင်ရွက်လျက်ရှိရာ အဆိုပါလုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ဇွန် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်နှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးထိန်လင်းတို့ ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရှိရသည်။ **(မြို့နယ်စည်ပင်)**

မွန်ပြည်နယ်ဝန်ကြီးချုပ် ဒေသဖွံ့ဖြိုးရေးကြည့်ရှုစစ်ဆေး မုဒုံမြို့နယ်၌ ပညာရည်ချွန်ဆုပေးပွဲတက်ရောက်

နေပြည်တော် ဇူလိုင် ၁၉

မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်သည် ဇူလိုင် ၁၄ ရက် နံနက် ၁၀ နာရီတွင် ကျင်းပသည့် ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ၌ မွန်ပြည်နယ်အတွင်း ဒုတိယအောင်ချက် အကောင်းဆုံးရရှိပြီး အောင်ချက် ၇၈ ရာခိုင်နှုန်းရရှိသည့် မုဒုံမြို့နယ် ကော့ပရံ့စံပြကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)၏ ပညာရည်ချွန်ဆုပေးပွဲသို့ တက်ရောက်အမှာစကားပြောကြားသည်။

ပေးအပ်ချီးမြှင့်

ယင်းနောက် ဂုဏ်ထူးရကျောင်းသားကျောင်းသူများအား ဆုပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်က သုံးဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း၊ **(အောက်ပုံ)** ပြည်နယ် လူမှုရေးဝန်ကြီးဌာန ဝန်ကြီး ဒေါက်တာလှဦးက နှစ်ဘာသာ ဂုဏ်ထူးရှင်များအားလည်းကောင်း၊ ပြည်နယ်လုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီး ဌေးမြင့်အောင်က တစ်ဘာသာဂုဏ်ထူးရှင်များအား လည်းကောင်း ဆုများပေးအပ်ကြပြီး ပြည်နယ်ဝန်ကြီးချုပ်က ၂၀၁၁ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲတွင် အောင်ချက်မြင့်မားအောင် သင်ကြားပေးခဲ့ကြသော ဆရာ ဆရာမများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ဆက်လက်၍ ပြည်နယ်ဝန်ကြီးချုပ်သည် မွန်းလွဲပိုင်းတွင် မုဒုံမြို့ ကန်ကြီးရေလယ်ဇရပ် အဆောက်အအုံဖွင့်ပွဲသို့ တက်ရောက်၍ ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး အဆောက်အအုံနှင့် ကန်ပတ်လမ်းတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်သည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနရိပ်သာ၌ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်းဝန်ထမ်းများနှင့် တွေ့ဆုံ၍ မျိုးကောင်းမျိုးသန့် ရော်ဘာပင်များ ရွေးချယ်စိုက်ပျိုးရေးနှင့် အရည်အသွေးပြည့်မီကောင်းမွန်သော ရော်ဘာများ ထုတ်လုပ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားကြရန် မှာကြားသည်။ ညနေပိုင်းတွင် ဂျိုးဂျိုးကျသဘာဝရေတံခွန်သို့ သွားရောက်ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ခုခံအားကျဆင်းမှုရောဂါ ကူးစက်မှုကာကွယ်ရေး ဗန်းမော်၌ သင်တန်းဖွင့်

ဗန်းမော် ဇူလိုင် ၁၉

မိခင်မှကလေးသို့ ခုခံအားကျဆင်းမှုရောဂါ ကူးစက်မှုကာကွယ်ရေးသင်တန်းဖွင့်ပွဲကို ဇွန် ၃ ရက် နံနက် ၉ နာရီက ဗန်းမော်မြို့နယ် မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်း သားဖွားခန်းတွင် ကျင်းပရာ ခရိုင်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်နှင့် ခရိုင်ကျန်းမာရေးဦးစီးဌာနမှူး ဒေါက်တာဝင်းအောင်တို့က အမှာစကားပြောကြားသည်။ **(အောက်ပုံ)**

အဆိုပါသင်တန်းကို ဇွန် ၃ ရက်မှစ၍ ငါးရက်ဖွင့်လှစ်ပြီး နှစ်သိမ့်ဆွေးနွေးပညာပေးသင်တန်းကို ဇွန် ၈ ရက်မှစ၍ သုံးရက်သင်ကြားရာ သားဖွားမီးယပ်၊ ကလေးအထူးကု၊ ခုခံကျ/ကာလသားအဖွဲ့ဆရာဝန်၊ မြန်မာနိုင်ငံမိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း ဗဟိုသင်တန်းဆင်း ဆရာမများက သင်ကြားပေးခဲ့ပြီး မိခင်နှင့်ကလေး စောင့်ရှောက်ရေးအသင်းဝင်များ တက်ရောက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင်ကျန်းမာရေး)**

သထုံမြို့နယ်၌ တိရစ္ဆာန်များကျန်းမာရေး စစ်ဆေးကုသ

သထုံ ဇူလိုင် ၁၉

တိရစ္ဆာန်များကျန်းမာရေး စစ်ဆေးခြင်းနှင့် ကုသခြင်းလုပ်ငန်းများကို ဇွန် ၂၆ ရက်က သထုံမြို့နယ် မရမ်းကုန်းကျေးရွာ၌ ကျင်းပရာ အဆိုပါအခမ်းအနားတွင် သထုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနဦးစီးမှူး ဒေါက်တာလှထွန်းသိန်းနှင့်အဖွဲ့က တက်ရောက်လာသူများအား တိရစ္ဆာန်များကျန်းမာရေးနှင့် ပတ်သက်၍ဟောပြောဆွေးနွေးပြီး ကျေးရွာအတွင်းရှိ ကျွဲ၊ နွားများအား လည်ချောင်းကွဲရောဂါနှင့် ပေါင်ပုပ်၊ လက်ပုပ်ရောဂါ ကာကွယ်ဆေးထိုးနှံခြင်း၊ မွေးမြူရေးတိရစ္ဆာန်များအား ကျန်းမာရေးစစ်ဆေးခြင်း၊ ကုသခြင်းနှင့် ပိုးသတ်ဆေးဖျန်းခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရှိရသည်။ **(ခရိုင် ပြန်/ဆက်)**

သွေးသည်အသက်

အစားအသောက်များ ကျန်းမာရေးနှင့်ညီညွတ်ရေး ဈေးများအတွင်း စစ်ဆေးဆောင်ရွက်

မင်းလှမြို့နယ် စည်ပင်သာယာရေးအဖွဲ့အမှုဆောင်အရာရှိနှင့် မြို့နယ်ကျန်းမာရေးဝန်ထမ်းများ ပူးပေါင်းပြီး မြို့မဈေးအတွင်း၌ အိုင်အိုဒင်းဆားများရောင်းချရေးနှင့် ရက်လွန်ကုန်ပစ္စည်းများ ရောင်းချမှုမရှိစေရေး ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြိတ်မြို့နယ် သီဟဇေယျာဈေးအတွင်း ဇွန် ၇ ရက်က ဒုတိယဦးစီးမှူး (ဈေး) ဦးအောင်အောင်မျိုးနှင့်အဖွဲ့ အများပြည်သူစားသုံးရန် မသင့်သည့် သက်တမ်းကုန်၊ သက်တမ်းလွန်ကုန်ပစ္စည်းများ ရောင်းချခြင်း ရှိ မရှိ စစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နမ့်စန်မြို့နယ် မြို့မဈေးအတွင်း သက်တမ်းကုန်၊ သက်တမ်းလွန် စားသောက်ကုန်များနှင့် တားမြစ်ခြင်ဆေးခွေများ ရောင်းချမှုမရှိစေရေးအတွက် ဇူလိုင် ၁ ရက်က အမှုဆောင်အရာရှိ ဦးမောင်မောင်အေး၊ ကျန်းမာရေးဝန်ထမ်းများ၊ ဈေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

ဆီဆိုင်မြို့မဈေးကြီးအတွင်းရှိ ဈေးဆိုင်များ၌ သက်တမ်းလွန်၊ သက်တမ်းကုန် စားသောက်ကုန်များ ရောင်းချနေခြင်း ရှိ မရှိကို ဇွန် ၂၅ ရက်က မြို့နယ်အုပ်ချုပ်ရေးမှူး ဦးစိုးလွင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းမင်း၊ မြို့နယ်ကျန်းမာရေးမှူး ဒေါက်တာမိုးထွန်းနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ ကွင်းဆင်းစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

မြို့သစ်မြို့အထကကျောင်းရှေ့ ပလက်ဖောင်းစကြံပြုလုပ်ခြင်းလုပ်ငန်း ဆောင်ရွက်ထားရှိမှုကို ဇွန် ၂၃ ရက်က မကွေးတိုင်းဒေသကြီးစည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးမောင်မောင်အောင် ကွင်းဆင်းစစ်ဆေးကြည့်ရှုရာ အမှုဆောင်အရာရှိ ဦးနေမင်းနှင့် တာဝန်ခံအင်ဂျင်နီယာတို့ ရှင်းလင်းတင်ပြကြစဉ်။ (မြို့နယ်စည်ပင်)

20-7 (07).pmd 1 7/20/2011, 2:03 AM

ဆင်းရဲနွမ်းပါးသူများ နေ့စဉ်လုံလောက်သောအာဟာရ စားသုံးနိုင်ရေးနှင့် လုံခြုံစိတ်ချရသော သင့်လျော်သည့်နေအိမ်ဖြင့် နေထိုင်နိုင်ရေးဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက်သည် ဇူလိုင် ၁၆ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်အရှေ့ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်၍ အမှာစကားပြောကြားသည်။

ရှင်းလင်းတင်ပြ

ရှေးဦးစွာ ရန်ကုန်အရှေ့ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးလှိုင်စိုးသန့်နှင့် ရန်ကုန်တောင်ပိုင်းခရိုင် အုပ်ချုပ်ရေးမှူး ဦးစိုင်းသော်ဝင်းတို့က ဒေသဆိုင်ရာ အချက်အလက်များနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးက ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်အောင် လုပ်ဆောင်ခြင်းဖြင့် တစ်နိုင်ငံလုံး ဆင်းရဲနွမ်းပါးမှုလျော့ကျလာမည် ဖြစ်ကြောင်း၊ ဆင်းရဲနွမ်းပါးမှုလျော့ကျအောင် လုပ်ဆောင်ခြင်းဖြင့် တစ်နိုင်ငံလုံးရှိ ကျေးလက်ဒေသများ ဖွံ့ဖြိုးတိုးတက်လာမည် ဖြစ်ကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်း အရှေ့ပိုင်းခရိုင်နှင့် တောင်ပိုင်းခရိုင်တို့မှ မြို့နယ်၊ ကျေးရွာအုပ်စုနှင့် ကျေးရွာများရှိ တောင်သူလယ်သမားများ၊ ဒေသခံများ၏ နောက်ဆုံးအခြေအနေ အင်အားစာရင်းများကို မှန်ကန်စွာ ပြုစုရန်၊ ရရှိရန်လိုအပ်ကြောင်း၊ ရရှိသည့် စာရင်းအပေါ်မူတည်လျက် ဆင်းရဲနွမ်းပါးသူများ နေ့စဉ်လုံလောက်သော အာဟာရ စားသုံးနိုင်ရေး၊ လုံခြုံစိတ်ချရသော သင့်လျော်သည့် နေအိမ်ဖြင့် နေထိုင်နိုင်ရေး၊ မကျန်းမာသည့် အချိန်များတွင် မှန်ကန်စွာ ဆေးကုသမှုခံယူနိုင်ရေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေပါ မူလတန်းပညာအခမဲ့သင်ကြားခွင့်အရ အနည်းဆုံး မူလတန်းပညာ အပြည့်အဝသင်ယူနိုင်ရေးတို့ကို ဆောင်ရွက်သွားမည် ဖြစ်ကြောင်း။

ယင်းသို့ ဆောင်ရွက်နိုင်ရန် လိုအပ်မည့် ငွေကြေးအထောက်အပံ့များရရှိရေး၊ ရရှိသည့် ငွေကြေးအထောက်အပံ့များကို ပုဂ္ဂလိကငွေစုငွေချေး အသင်းများ ဖွဲ့စည်းလျက် စနစ်တကျ စုဆောင်းခြင်း၊ သုံးစွဲခြင်းပြုလုပ်ရေးတို့အတွက် ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာတို့မှ ဝန်ထမ်းများ၊ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း။

ပူးပေါင်းဆောင်ရွက်

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် မြို့နယ်၊ ကျေးရွာများ၌ ဥပဒေအရတားမြစ်ထားသည့်အရက်ပုန်းဆိုင်များ၊ ဖဲဝိုင်းများ၊ တစ်လုံး၊ နှစ်လုံး၊ သုံးလုံးစသည့် ချဲထီအပါအဝင် လောင်းကစားမှုများကို ထိထိရောက်ရောက် တားဆီးသွားရမည်ဖြစ်ပြီး သက်ဆိုင်ရာမြို့နယ်၊ ရပ်ကွက်၊ ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် ဥပဒေစိုးမိုးရေးကို ဆောင်ရွက်ရသည့် ဝန်ထမ်းများက အလေးထားပူးပေါင်းဆောင်ရွက်သွားရန် ဖြစ်ကြောင်းဖြင့် ဆွေးနွေးပြောကြားသည်။

ထို့နောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာ တာဝန်ရှိသူများက လုပ်ငန်းအလိုက် ဆွေးနွေးတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကိုဖြည့်စွက်ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်းသတင်းရရှိသည်။ **(သတင်းစဉ်)**

အမှာစကားပြောကြား

သတ္တုတွင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသိန်းထိုက် ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ညှိနှိုင်းအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

ချင်းပြည်နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများဖော်ဆောင် ကျေးရွာလျှပ်စစ်မီးရရှိရေး ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းပေး

နေပြည်တော် ဇူလိုင် ၁၉

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်းသည် ချင်းပြည်နယ်ဝန်ကြီးချုပ် ဦးဟုန်ငိုင်းနှင့်အတူ ဇူလိုင် ၁၄ ရက် မွန်းလွဲပိုင်းတွင် ဂန့်ဂေါ-ဟားခါးလမ်း မိုင်တိုင်အမှတ် (၆၈/၇)အနီးရှိ ဟားခါးမြို့နယ် ၁/၂၀၀၇ စီးပွားရေးကျွန်းစိုက်ခင်းဧက ၁၀၀ကို ကြည့်ရှုစစ်ဆေးပြီး ဘုံးဖုံးကျေးရွာ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း (၈)ရပ်နှင့်စပ်လျဉ်း၍ ဒေသခံပြည်သူလူထုနှင့် တွေ့ဆုံဆွေးနွေးကာ ကျေးရွာရေအားလျှပ်စစ်မီး ရရှိရေးအတွက် ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ကြည့်ရှုစစ်ဆေး

ထို့နောက် ညနေပိုင်းတွင် မိုင်တိုင်အမှတ် (၁၂/၃)ရှိ နွားနောက်မွေးမြူရေးခြံကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဇူလိုင် ၁၅ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ ရန်းတောင်ရေဝေရေလဲစိုက်ခင်း၌ ကျင်းပသော မိုးရာသီ သစ်ပင်စိုက်ပျိုးပွဲသို့ တက်ရောက် အားပေးသည်။

ထို့နောက် ပြည်နယ်အစိုးရအဖွဲ့ရုံး အစည်းအဝေးခန်းမ၌ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲ (၁/၂၀၁၁)သို့ ပြည်နယ်ကျောင်း(ခွဲ) ၂၂ ကျောင်းသို့ အဝေးကျေးရွာများမှ အလယ်တန်းအောင်မြင်သည့် ကျောင်းသား ကျောင်းသူများ တည်းခိုပြီး ပညာဆက်လက်သင်ကြားနိုင်ရန်လိုအပ်သည့် တစ်ကျောင်းလျှင် ၃၀စီဆံ့ အိပ်ဆောင် နှစ်ဆောင်နှုန်းဖြင့် ၄၄ဆောင် ဆောက်လုပ်လှူဒါန်းပေးနိုင်ရေး၊ ပြည်နယ်အတွင်း စာကြည့်တိုက် ၃၃ ခုအတွက် လိုအပ်လျက်ရှိသည့် ရုပ်မြင်သံကြားစက် ၃၃ လုံးနှင့် ဥပဓိရုပ်မကောင်းသည့်မူလတန်းကျောင်းများ အကြီးစားပြုပြင်ရေးကိစ္စများလှူဒါန်းနိုင်ရေးဆွေးနွေးကြသည်။

ထို့နောက် ညနေပိုင်းတွင် သီးမစ်ဒေသ ပေါင်းစည်းလယ်ယာ၌ ဒေသခံတောင်သူများနှင့်တွေ့ဆုံ၍ နွေရာသီ၌ အောင်ရေရရှိရေးအတွက် လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းပေးကာ ဟားခါးမြို့ ၆၆ ကေဗွီ ဓာတ်အားခွဲစက်ရုံ တည်ဆောက်မည့်နေရာကို ကြည့်ရှုစစ်ဆေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် ဟားခါးမြို့ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့်အတူ တက်ရောက်ပြီး လိုအပ်ချက်များအား ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ဆွေးနွေး

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်ထောင်စုရိပ်သာ၌ ပြည်နယ်အတွင်းရှိ အထက်တန်းကျောင်းနှင့် အထက်တန်းပြည်ထောင်စုရိပ်သာ၌ ပြည်နယ်ကျန်းမာရေးစောင့်ရှောက်မှု ဆေးပဒေသာပင်အတွက် ငွေကျပ်သိန်း ၁၀၀ လှူဒါန်းပြီး ချွန်ကျုံးကျေးရွာ စာကြည့်တိုက်၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံကာ အလယ်တန်းကျောင်းဆောင် ပြုပြင်ရန် အထပ်သား ၃၇၅ ချပ်နှင့် ကျေးရွာရေအားလျှပ်စစ်မီး ရရှိရေးအတွက် အလှူငွေကျပ်သိန်း ၆၀ တို့ကို ဖြည့်ဆည်းလှူဒါန်းသည်။

ထို့နောက် ဖလမ်းမြို့ မြို့နယ်ခန်းမ၌ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲသို့တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ မြို့သောက်သုံးရေ ရရှိရေးအတွက် အလှူငွေကျပ်သိန်း ၂၀ ကို ပေးအပ်လှူဒါန်းသည်။

ပေါင်းစပ်ညှိနှိုင်း

ယင်းနောက်မွန်းလွဲပိုင်းတွင် ဗားလုံကျေးရွာအလယ်တန်းကျောင်း၌ ဒေသခံပြည်သူများနှင့်တွေ့ဆုံပြီး ဒေသ၏ စားဝတ်နေရေးနှင့် ပညာရေး၊ ကျန်းမာရေးကဏ္ဍများ တိုးတက်ကောင်းမွန်လာစေရေးနှင့် ရွာတစ်ရွာ ထုတ်ကုန်တစ်မျိုး ဆောင်ရွက်နေမှုများအတွက် လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ပြည်ထောင်စုဝန်ကြီးသည် ပြည်နယ်ဝန်ကြီးချုပ်နှင့်အတူ ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ကျင်းပသော ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲသို့ တက်ရောက်ပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းပေးကာ တီးတိန်မြို့နယ် မီဇောလ်ကျေးရွာ အလယ်တန်းကျောင်း(ခွဲ) ကျောင်းဆောင် ဆောက်လုပ်ရန်၊ ဆွောင်းပီးကျေးရွာနှင့် ဆိုင်းဇန်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိစေရန်အတွက် အလှူငွေကျပ်သိန်း ၁၆၀၊ တွန်းဇံမြို့နယ် ဂဲလ်မွာလ်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိစေရန်နှင့် နတ်ဇုန်ကျေးရွာမူလတန်းကျောင်း ပြုပြင်ရန်အတွက် ငွေကျပ် ၂၅ သိန်း၊ ကျီခါးမြို့နယ်ခွဲ ပန်မွာလ်ကျေးရွာအုပ်စု မူလတန်းကျောင်းဆောင်နှင့် ကျီခါးမြို့နယ်ခွဲ အထက်တန်းကျောင်းဆောင် ပြုပြင်ရန်နှင့် မာအိုဝမ်ကျေးရွာ ရေအားလျှပ်စစ်မီးရရှိစေရန်အတွက် ငွေကျပ် ၅၅ သိန်း၊ ရိခေါဒါရ်မြို့နယ်ခွဲ လျန်နွာရွာဟောင်း မူလတန်းကျောင်းဆောင် အသစ်ဆောက်လုပ်ရန်အတွက် ငွေကျပ်သိန်း ၃၀ စုစုပေါင်းငွေကျပ် သိန်း ၂၇၀ ကို ပေးအပ်လှူဒါန်းသည်။

ထို့နောက် တီးတိန်မြို့နယ် ပိုးချည်စက်ရုံကို ကြည့်ရှုစစ်ဆေးပြီး မွန်းလွဲပိုင်းတွင် ကလေးမြို့ ဆည်မြောင်းဦးစီးဌာန ဧည့်ရိပ်သာ၌ ချွန်ကျုံးကျေးရွာ အလယ်တန်းကျောင်းနှင့် ဗားလုံကျေးရွာ အလယ်တန်းကျောင်းအတွက် ကွန်ပျူတာနှင့် ပရင်တာတစ်စုံစီ ပေးအပ်လှူဒါန်းခဲ့သည်။ ထို့အတူ ပြည်ထောင်စုဝန်ကြီးသည် ဂန့်ဂေါမြို့ ဧည့်ရိပ်သာ၌ ချင်းပြည်နယ်ဒေသဖွံ့ဖြိုးရေးအတွက် လိုအပ်သည့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ပျဉ်းကတိုး သစ်ခွဲသားတန် ၁၀၀ ကို လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း တီးတိန်မြို့ ကမ်ဟောက်ခန်းမ၌ ကျင်းပသော ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေးလုပ်ငန်း အကောင်အထည်ဖော်ရေး ဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

သစ်တောရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းထွန်း ဟားခါးမြို့ ချွန်ကျုံးကျေးရွာ အလယ်တန်းကျောင်းဆောင် ပြုပြင်ရန် အထပ်သား ၃၇၅ ချပ်နှင့် ကျေးရွာ ရေအားလျှပ်စစ်မီး ရရှိရေးအတွက် အလှူငွေများကို ပေးအပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ခေတ်မီ စက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် စက်မှုဇုန်လုပ်ငန်းရှင်များက ဝိုင်းဝန်းကြိုးပမ်း

နေပြည်တော် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးကော်မတီလုပ်ငန်း ညှိနှိုင်းအစည်းအဝေး အမှတ်စဉ်(၁/၂၀၁၁)ကို ဇူလိုင် ၁၈ ရက် မွန်းလွဲ ၂ နာရီတွင် ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ စက်မှုဇုန်များမှ ဥက္ကဋ္ဌများနှင့် အတွင်းရေးမှူးများ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားရာတွင် ခေတ်မီစက်မှုနိုင်ငံထူထောင်နိုင်ရေးအတွက် စက်မှုဇုန်လုပ်ငန်းရှင်များကဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ကြပြီး ကဏ္ဍအလိုက်ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် အားစိုက်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်မှ တိုင်းဒေသကြီးစီးပွားရေးဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ကြောင်း၊ သို့ဖြစ်၍ စက်မှုဇုန်များက စွမ်းအားပြည့် လုပ်ကိုင်ဆောင်ရွက်ကြရမည်ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး လျှပ်စစ်နှင့်စက်မှုလက်မှုဝန်ကြီးဌာနဝန်ကြီး ဦးညဏ်ထွန်းဦး၊ မြန်မာနိုင်ငံစက်မှုကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံအင်ဂျင်နီယာအသင်းများမှ တာဝန်ရှိသူများက စက်မှုဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များကို အကြံပြုဆွေးနွေးကြပြီး စက်မှုဇုန်ဥက္ကဋ္ဌများက ဇုန်အလိုက်လုပ်ငန်းဆောင်ရွက်မှုများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ဌာနဆိုင်ရာတာဝန်ရှိသူများက စက်မှုဇုန်များဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြကြကာ တိုင်းဒေသကြီးဝန်ကြီးချုပ်က အမှာစကားပြောကြားသည်။ **(သတင်းစဉ်)**

ထုတ်လုပ်သူများ နည်းပညာများပြန့်ပွားရေး ဆွေးနွေးပွဲများ စီစဉ်ပေးမည်
ဆင်းရဲနွမ်းပါးမှုလျှော့ချရေး ပူးပေါင်းဆောင်ရွက်လိုသူများ သမဝါယမ ဦးစီးဌာန၌ စာရင်းသွင်း

နေပြည်တော် ဇူလိုင် ၁၉

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းနှင့် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးစဝ်အောင်မြတ်တို့သည် ဇူလိုင် ၁၆ ရက်တွင် ကလောမြို့နယ် သက်ကြီးရွယ်အိုကျန်းမာရေး စောင့်ရှောက်မှုအသင်းနှင့် ကလောမြို့ ဆေးရုံဆေးပဒေသာပင်အတွက် အလှူငွေများ ပေးအပ်ခဲ့ကြသည်။

မှာကြား

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်းသည် ဟဲဟိုး ပန်းမန် စိုက်ပျိုးထုတ်လုပ်ရောင်းချသူများ အစုအဖွဲ့၏ ပန်းမန်ဇုန်သို့ရောက်ရှိပြီး အစုအဖွဲ့ တာဝန်ရှိသူများနှင့် ကျေးရွာဆယ်ရွာမှ စိုက်ပျိုးမွေးမြူထုတ်လုပ်သူ တောင်သူလယ်သမားများအား တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက နည်းပညာများ ပြန့်ပွားရေးအတွက် သက်ဆိုင်ရာ ပညာရှင်များနှင့် ဆွေးနွေးပွဲများ စီစဉ်ပေးမည်ဖြစ်ကြောင်းနှင့် ပန်းမန်အစုအဖွဲ့၊ အာလူးအစုအဖွဲ့၊ ဂေါ်ဖီအစုအဖွဲ့များအနေဖြင့် ကျေးလက်ဒေသ ဆင်းရဲနွမ်းပါးမှု လျှော့ချရေးအတွက် ပူးပေါင်းဆောင်ရွက်လိုသူများအား ကျေးရွာအသင်းခွဲ အစုအဖွဲ့များအဖြစ် သမဝါယမ ဦးစီးဌာန၌ စာရင်းသွင်းဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်မှာကြားသည်။

ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့သည် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ လိုက်ပါလျက် ဇူလိုင် ၁၇ ရက် နံနက်ပိုင်းတွင် အေးသာယာမြို့ တိလောကျေးရွာအုပ်စုရှိ ရှမ်းရိုးမမွေးမြူရေးဇုန်သို့ ရောက်ရှိကြပြီး ပြည်ထောင်စုဝန်ကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်တို့က ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေးတွင် ဒေသအလိုက်၊ မြို့နယ်များအလိုက်၊ ကျေးရွာများအလိုက် မွေးမြူရေးလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်ရန် မှာကြားကြပြီး ကြက်မွေးမြူရေးခြံကို လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ကျင်းပ

ဆက်လက်၍ အေးသာယာစက်မှုဇုန် အစည်းအဝေးခန်းမ၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှု လျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲကို ကျင်းပသည်။

ကြည့်ရှုစစ်ဆေး

ပြည်ထောင်စုဝန်ကြီးသည် မွန်းလွဲပိုင်းတွင် ရှမ်းပြည်နယ် စီမံကိန်းဦးစီးဌာနရုံး၌ ဝန်ထမ်းများနှင့် တွေ့ဆုံမှာကြားကာ တောင်ကြီးမြို့ရှိ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒေသဆိုင်ရာ ရောဂါရှာဖွေရေး ဓာတ်ခွဲခန်းကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ပြည်ထောင်စု ဝန်ကြီး ဦးခင်ရီ မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ ကျင်းပသည့် တွေ့ဆုံပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနနှင့် မွေးမြူရေးနှင့် ရေလုပ်ငန်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်နိုင်သိန်း ကျေးလက်ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲနွမ်းပါးမှုလျှော့ချရေး အလုပ်ရုံဆွေးနွေးပွဲတွင် အမှာစကားပြောကြားစဉ်။ (သတင်းစဉ်)

အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား သတ်မှတ်ကာလအတွင်း လျင်မြန်စွာ ဆောင်ရွက်ပေးမည်

နေပြည်တော် ဇူလိုင် ၁၉

နိုင်ငံသားအရည်အချင်းပြည့်မီသူများ၏ အိမ်ထောင်စုလူဦးရေစာရင်းနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် သတ်မှတ်ကုန်ကျငွေနှင့် သတ်မှတ်ကာလအတွင်း လွယ်ကူလျင်မြန်စွာဆောင်ရွက်ပေးမည့် အစီအမံများနှင့် စပ်လျဉ်းသည့် တွေ့ဆုံပွဲကို ဇူလိုင် ၁၅ ရက် ညနေ ၄ နာရီ ၄၅ မိနစ်တွင် မွန်ပြည်နယ် မော်လမြိုင်မြို့ မြို့တော်ခန်းမ၌ ကျင်းပရာ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်ရီ၊ မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများနှင့် တာဝန်ရှိသူများ၊ လူမှုရေးအသင်းအဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

ဝိုင်းဝန်းကူညီ

ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီး ဦးခင်ရီက အမှာစကားပြောကြားရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် နိုင်ငံသားအရည်အချင်း ပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရာတွင် အချို့ကိစ္စများ၌ မဖြစ်မနေစိစစ်ရသည်များရှိသဖြင့် ပြည်သူများက နားလည်ပေးကြရန် လိုအပ်ကြောင်း၊ ယင်းလုပ်ငန်းများကို ဌာနဆိုင်ရာများ၊ ပြည်သူများသိရှိနားလည် သဘောပေါက်ပြီး ချို့ယွင်းချက်၊ အားနည်းချက်များ ရှိပါက အကြံကောင်း၊ ဉာဏ်ကောင်းများပေးကာ ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်ကြစေလိုကြောင်း စသည်ဖြင့် ရှင်းလင်းမှာကြားသည်။

ရှင်းလင်းပြောကြား

ထို့နောက် မွန်ပြည်နယ်ဝန်ကြီးချုပ် ဦးအုန်းမြင့်က ပြည်သူများ၏ အမှန်တကယ် လိုအပ်ချက်ကို ဖြည့်ဆည်းပေးရာရောက်သည့်လုပ်ငန်းဖြစ်၍ ဌာနဆိုင်ရာများ၊ ပြည်သူများက တက်ညီလက်ညီ လက်တွဲပူးပေါင်းဆောင်ရွက်ပေးကြရန် တိုက်တွန်းပါကြောင်းဖြင့် ရှင်းလင်းပြောကြားသည်။

တွေ့ဆုံ

အခမ်းအနား အပြီးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်ရီသည် မွန်ပြည်နယ်အတွင်းရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနဝန်ထမ်းများအား တွေ့ဆုံ အမှာစကားပြောကြားသည်။

ထို့နောက် မွန်းလွဲပိုင်းတွင် ကျိုက်ထိုမြို့နယ် ဦးစီးဌာနမှူးရုံး၌ ဒေသခံပြည်သူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ထုတ်ပေးရေးလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုပြီး ဆောင်ရွက်ပြီးဖြစ်သည့် နိုင်ငံသားစိစစ်ရေးကတ်ပြားများကို သက်ဆိုင်ရာ ပြည်သူတစ်ဦးချင်းထံ ပေးအပ်ခဲ့သည်။

လှည့်လည်ကြည့်ရှု

ပြည်ထောင်စုဝန်ကြီးသည် ဇူလိုင် ၁၆ ရက် နံနက်ပိုင်းတွင် မော်လမြိုင်မြို့ရှိ လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန မွန်ပြည်နယ်နှင့် မော်လမြိုင်ခရိုင် ဦးစီးဌာနမှူးရုံး အဆောက်အအုံနှင့် ရုံးခန်းများ၊ ဝန်ထမ်းသက်သာစိုက်ခင်းနှင့် ဝန်ထမ်းအိမ်ရာများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး မော်လမြိုင်မြို့နယ် ဦးစီးဌာနမှူးရုံး၌ မြို့နယ်ရုံးဝန်ထမ်းများအား လုပ်ငန်းဆိုင်ရာများ မှာကြားခဲ့သည်။ **(သတင်းစဉ်)**

ကျွမ်းကျင်သည့်သူနာပြုများ မွေးထုတ်လေ့ကျင့်ပေး ကျန်းမာရေးစောင့်ရှောက်မှု ထိရောက်စွာ ဆောင်ရွက်

နေပြည်တော် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်သည် တာဝန်ရှိပုဂ္ဂိုလ်များလိုက်ပါလျက် ဇူလိုင် ၁၅ ရက် နံနက် ၈ နာရီခွဲတွင် နေပြည်တော်ပျဉ်းမနား ခုတင်(၂၀၀)ဆံ့ ပြည်သူ့ဆေးရုံကြီး၌ ဓာတ်ခွဲခန်း၊ ဓာတ်မှန်ခန်း၊ Ultrasound အသုံးပြုမှု၊ အရိုးကုသဆောင်၊ ခွဲစိတ်ကုသဆောင်၊ ကလေးကုသဆောင်၊ အရိုးအကြောအဆစ်ကုသဆောင်နှင့် သားဖွားကုသဆောင်များကိုလည်းကောင်း၊ ဆောက်လုပ်လျက်ရှိသည့် ခုတင်(၂၀၀)ဆံ့ ဆေးရုံသစ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့သည်။

လိုက်နာဆောင်ရွက်

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များနှင့် သူနာပြုများအား တွေ့ဆုံ၍ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်း အောင်မြင်အောင်ဆောင်ရွက်ရာ၌ ရည်ရွယ်ချက် လုပ်ငန်းလမ်းစဉ် မှန်ကန်ပြီး အချိန်အခါ အခြေအနေနှင့် ကိုက်ညီရန် လိုအပ်ကြောင်း၊ ဆရာမများအနေဖြင့် လူနာနှင့်ပြည်သူလူထုအား ယဉ်ယဉ်ကျေးကျေး သိမ်သိမ်မွေ့မွေ့ဖြင့် ပြောဆိုဆက်ဆံရေးသည် အဓိကအရေးပါသဖြင့် နားလည်သဘောပေါက် လိုက်နာဆောင်ရွက်ကြရန် လိုအပ်ကြောင်းဖြင့် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်လယ်ဝေး ခုတင် (၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၌ ဆေးရုံ ဖွဲ့စည်းတည်ဆောက်ထားရှိမှု၊ ဆေးသိုလှောင်ခန်း၊ အရေးပေါ်လူနာဌာန၊ ဆေးထည့်ခန်းနှင့် ဓာတ်ခွဲခန်းတို့ကိုလည်းကောင်း၊ မြို့လှတိုက်နယ်ဆေးရုံ၌ ကလေးကုသဆောင်၊ လူနာကုသဆောင်များ၊ ဆေးသိုလှောင်ခန်း၊ ဓာတ်မှန်ခန်းနှင့် ခွဲစိတ်ခန်းများကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တိုက်နယ်ဆေးရုံ အစည်းအဝေးခန်းမ၌ မြို့နယ်ကျန်းမာရေး ဦးစီးဌာနမှူး၊ တိုက်နယ်ဆရာဝန်နှင့် ဝန်ထမ်းများအား တွေ့ဆုံသည်။ ထိုသို့ တွေ့ဆုံရာ၌ ပြည်ထောင်စုဝန်ကြီးက ကိုယ်ဝန်ဆောင်မိခင်များအား ကျွမ်းကျင်သောဆရာဝန်၊ ကျန်းမာရေး ဆရာမ၊ သားဖွားဆရာမများနှင့် မွေးဖွားစေခြင်းဖြင့် မိခင်သေနှုန်းနှင့် ကလေးသေနှုန်း ကျဆင်းအောင် အဓိကဆောင်ရွက်သွားကြရန် လိုအပ်ကြောင်းဖြင့်မှာကြားသည်။

အောင်မြင်မှုရရှိ

ဆက်လက်၍ တောင်ငူ အထွေထွေ ရောဂါကုဆေးရုံကြီး အစည်းအဝေးခန်းမ၌ ဆေးရုံအုပ်ကြီးနှင့် အထူးကုဆရာဝန်ကြီးများ၊ ဆရာဝန်များ၊ သူနာပြုဆရာမကြီးများ၊ သူနာပြုများနှင့် အလုပ်သင်ဆရာဝန်များအား တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ ဆောင်ရွက်ရာတွင် ကျန်းမာရေးဝန်ထမ်းများအနေဖြင့် ဒေသအာဏာပိုင်များ၊ ဌာနဆိုင်ရာများ၊ လူမှုရေးအသင်းဝင်များ၊ ရပ်မိရပ်ဖ ပြည်သူများနှင့် ဝိုင်းဝန်းကူညီ ပူးပေါင်းဆောင်ရွက်မှသာ တိုးတက်အောင်မြင်မှုရရှိမည် ဖြစ်ကြောင်းဖြင့် မှာကြားသည်။

ယင်းနောက် တောင်ငူသူနာပြုနှင့် သားဖွားသင်တန်းကျောင်း သင်တန်းခန်းမ၌ ကျောင်းအုပ်ဆရာမကြီးနှင့် သင်ကြားရေးဆရာမများ၊ သင်တန်းသူ သင်တန်းသားများအား တွေ့ဆုံ၍ သူနာပြုပညာရပ်သည် အသက်မွေးဝမ်းကျောင်းပညာရပ်တစ်ခု ဖြစ်ပြီး လူအများ၏အသက်နှင့် ကျန်းမာရေးကို စောင့်ရှောက်ရသည့် လုပ်ငန်းပညာရပ်ဖြစ်ကြောင်း၊ စာမေးပွဲအောင်ရုံသာမက သူနာပြုတစ်ဦး၏ တတ်မြောက်သင့်သည့် အခြေခံသူနာပြုပညာရပ်များကို ကျွမ်းကျင်တတ်မြောက်စေရန် သင်တန်းဆရာမများက လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း၊ အသိပညာဗဟုသုတသာမက ခံယူချက်သဘောထားကောင်းသော ကျွမ်းကျင်သည့် သူနာပြုများ မွေးထုတ်လေ့ကျင့်ပေးစေလိုကြောင်း၊ သူနာပြုများကလည်း မိမိတို့၏ သူနာပြုပညာရပ်ကို ကျွမ်းကျင်စွာ တတ်မြောက်စေရန် လေ့ကျင့်အားထုတ်ပြီး ပြည်သူအသက်နှင့် ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းကို ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ လူမှုဆက်ဆံရေးကောင်းမွန်၍ လူအများ ယုံကြည်အားထားရသည့် သူနာပြုများနှင့် ဆေးရုံများဖြစ်လာစေရန် အစဉ်ကြိုးပမ်းဆောင်ရွက်ကြရမည် ဖြစ်ကြောင်းဖြင့် မှာကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

သားဖွားသင်တန်းကျောင်း စစ်ဆေး

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင် တောင်ငူ သူနာပြုနှင့်သားဖွားသင်တန်းကျောင်း၌ ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

မန်ဟီးရိုးအထက၌ သစ်ပင်စိုက်ပျိုးပွဲကျင်းပ

မူဆယ် ဇူလိုင် ၁၉

မူဆယ်ခရိုင် မန်ဟီးရိုးမြို့ အထကကျောင်း၌ ဇူလိုင် ၁၀ ရက် နံနက် ၉ နာရီက ကျောင်းနှင့်ဝန်းကျင် စိမ်းလန်းစိုပြည်ရေးနေ့ အထိမ်းအမှတ် သစ်ပင်စိုက်ပျိုးပွဲကျင်းရာ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မိုးအောင်နှင့် အထကကျောင်းအုပ်ကြီး ဦးခင်ဇော်တို့က သရက်ပင်ကို စတင်စိုက်ပျိုးပေးပြီး တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ အမျိုးသမီးရေးရာအဖွဲ့များနှင့် ကျောင်းသား ကျောင်းသူများက သရက်၊ ပိန္နဲ၊ မာလကာ၊ သဘော်၊ လိုင်ချီး၊ လက်ဖက်၊ နှင်းဆီ၊ စံပယ်၊ ရွက်လှ၊ ဇီဇဝါ စသည့် အပင်ပေါင်း ၁၆၀ ကို စိုက်ပျိုးခဲ့ကြကြောင်းသိရှိရသည်။

(ခရိုင် ပြန်/ဆက်)

သန်လျင်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သော သနပ္ပင်-အုတ်ဖိုကျေးလက်တံတား ပြုပြင်ပြီးစီးမှုကို ဇွန် ၂၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးကြည်တင် ကွင်းဆင်းစစ်ဆေးရာ အမှုဆောင်အရာရှိ ဦးကျော်လင်းသန်းနှင့် အင်ဂျင်နီယာမှူး ဦးလှမျိုးဝင်းတို့ ရှင်းလင်းတင်ပြစဉ်။ (မြို့နယ်စည်ပင်)

မြန်မာ့အလင်း ပြည်တွင်း အားကစားသတင်း ပြည်တွင်း အားကစားသတင်း

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား သိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

ရန်ကုန် ဇူလိုင် ၁၉

ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်ဖလား မြို့နယ်ပေါင်းစုံသိုင်းပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲ အခမ်းအနားကို ဇူလိုင် ၁၇ ရက် နံနက်ပိုင်းက ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ် အားကစားခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေ၊ တိုင်းဒေသကြီးဝန်ကြီးများ၊ မြန်မာနိုင်ငံသိုင်းဆပ်ကော်မတီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများ၊ ပြိုင်ပွဲဝင်အားကစားသမားများ တက်ရောက်ကြသည်။

တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့ဝင်များသည် (၄၀-၄၅) ကီလိုတန်း အမျိုးသား ဓားတစ်လက်အတိုက်ပြိုင်ပွဲ ဗိုလ်လုပွဲနှင့် (၅၀-၅၅)ကီလိုတန်း အမျိုးသား လက်သိုင်း အတိုက်ပြိုင်ပွဲတို့ကို ကြည့်ရှုအားပေးကြပြီး ပြိုင်ပွဲများအပြီးတွင် မြန်မာနိုင်ငံသိုင်းဆပ်ကော်မတီ ဥက္ကဋ္ဌ ရဲမှူးချုပ်သူရဘိုနီက ဓားသိုင်းအတိုက်ဆုရ အားကစားသမားများအားလည်းကောင်း၊ တိုင်းဒေသကြီး လူမှုရေးဝန်ကြီးဌာနဝန်ကြီး ဒေါက်တာမြင့်သိန်းက လက်သိုင်းအတိုက်ဆုရ အားကစားသမားများအားလည်းကောင်း၊ တိုင်းဒေသကြီး လမ်းပန်းဆက်သွယ်ရေးဝန်ကြီးဌာနဝန်ကြီး ဦးအောင်ခင်က ဓားသိုင်းအတိုက် တံခွန်စိုက်ဆုဖလားရ တောင်ဥက္ကလာပမြို့နယ်အသင်းအား လည်းကောင်း၊ တိုင်းဒေသကြီးလုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးကြီးတင်ဝင်းက လက်သိုင်းအတိုက် တံခွန်စိုက်ဆုဖလားရ မင်္ဂလာဒုံမြို့နယ် အသင်းအားလည်းကောင်း၊ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေက စွယ်စုံတံခွန်စိုက် ဆုဖလားရ မင်္ဂလာဒုံမြို့နယ်အသင်းအားလည်းကောင်း ဆုများပေးအပ်ကြကြောင်း သတင်းရရှိသည်။ **(အပေါ်ပုံ)** (သတင်းစဉ်)

အာဆီယံရိုးရာ စစ်တုရင်ပြိုင်ပွဲ မြန်မာ ပထမရရှိ

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၁ ခုနှစ် (၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲတွင် ထည့်သွင်းကျင်းပမည့် စစ်တုရင်အားကစားနည်း ပြိုင်ပွဲအမျိုးအစားများအလိုက် အကြိုပြိုင်ပွဲများ **(2011 SEA Games Chess Test Event)** *ကို ဇူလိုင် ၃ ရက် မှ ၉ ရက်အထိ အင်ဒိုနီးရှားနိုင်ငံ ပလန်ဘန်မြို့တွင် ကျင်းပခဲ့ရာ အာဆီယံရိုးရာစစ်တုရင်* **(ASEAN Chess)** *ပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ စည်သူ (လယ်ယာ/ဆည်မြောင်း)က ပထမနှင့် အောင်မျိုးလှိုင်(ပြည်ထဲရေး)က ဒုတိယ ရရှိခဲ့ကြောင်း သိရှိရသည်။*

(၂၆)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲကို ၂၀၁၁ ခုနှစ် နိုဝင်ဘာလတွင် အင်ဒိုနီးရှားနိုင်ငံ၌ ကျင်းပမည်ဖြစ်ပြီး စစ်တုရင်အားကစားနည်းတွင် ပြိုင်ပွဲအမျိုးအစား ကိုးမျိုးပါဝင်မည်ဖြစ်သည်။ အာဆီယံစစ်တုရင် ကစားနည်းမှာ ပထမဆုံးအကြိမ်အဖြစ် စတင်ထည့်သွင်း ကျင်းပခြင်းဖြစ်ပြီး မြန်မာ့ရိုးရာစစ်တုရင်၊ ထိုင်းရိုးရာစစ်တုရင်နှင့် ကမ္ဘောဒီးယားရိုးရာစစ်တုရင် ကစားနည်းများကို အခြေခံထားခြင်းဖြစ်ကြောင်း သိရှိရသည်။

(စစ်တုရင်အဖွဲ့ချုပ်)

ACE ဆောက်လုပ်ရေး ကုမ္ပဏီဥက္ကဋ္ဌဖလား ဘောလုံးပြိုင်ပွဲဆုပေးပွဲ မြောင်းမြတွင်ကျင်းပ

မြောင်းမြ ဇူလိုင် ၁၉

မြန်မာ့အားကစားလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် မြန်မာ့ဘောလုံးအဆင့်မြင့်မားရေး၊ မျိုးဆက်သစ် လူငယ်ဘောလုံးအားကစားသမားများ ထွက်ပေါ်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် ACE ဆောက်လုပ်ရေးကုမ္ပဏီ ဥက္ကဋ္ဌဖလား အသက် ၂၁ နှစ်အောက် တိုက်နယ်အလိုက် ဘောလုံးပြိုင်ပွဲ နောက်ဆုံးဗိုလ်လုပွဲကို ဇူလိုင် ၁၇ ရက် ညနေ ၃ နာရီက မြောင်းမြမြို့ မြို့မဘောလုံးကွင်းတွင် ကျင်းပသည်။

နောက်ဆုံးဗိုလ်လုပွဲတွင် သီလ္လာတိုက်နယ်အသင်းနှင့် ကွယ်လွယ်ကျေးရွာအသင်းတို့ ယှဉ်ပြိုင်ကစားကြရာ ကွယ်လွယ်ကျေးရွာအသင်းက နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရဗိုလ်စွဲသွားပြီး ပွဲစဉ်တစ်လျှောက် အကောင်းဆုံး ဘောလုံးသမားဆုကို ဆန်းထက်နိုင် (ကွယ်လွယ်ကျေးရွာ)နှင့် အတိုးတက်ဆုံး အားကစားသမားဆုကို သက်ပိုင်ဦး (သီလ္လာတိုက်နယ်)တို့က ရရှိသည်။ ဆုပေးပွဲတွင် တတိယဆု ပူးတွဲရရှိသော မြို့မဘောလုံးအသင်းနှင့် ရန်မနိုင်ဘောလုံးအသင်းတို့ကို တိုင်းဒေသကြီး လွှတ်တော်ဥပဒေပြုရေးကော်မတီဥက္ကဋ္ဌ ဦးပြုံးချိုက ငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း၊ ဒုတိယဆုရရှိသော သီလ္လာတိုက်နယ် ဘောလုံးအသင်း တစ်ဦးချင်းဆုတံဆိပ်ကို မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင့်နိုင်ကလည်းကောင်း၊ ဒုတိယဆု ငွေသားကျပ် သိန်း ၃၀ ကို မြောင်းမြမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဒေါက်တာဌေးနိုင်ကလည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ဧရာဝတီတိုင်းဒေသကြီး အစိုးရအဖွဲ့ ဘဏ္ဍာ/အခွန်ဝန်ကြီး ဦးဝင်းကိုကိုက ပထမဗိုလ်စွဲသော ဘောလုံးအသင်းအား တစ်ဦးချင်းဆုတံဆိပ်ကိုလည်းကောင်း၊ ACE ဆောက်လုပ်ရေးကုမ္ပဏီဥက္ကဋ္ဌ ဦးဖြိုးကိုကိုတင့်ဆန်းက ပထမဆုရရှိသွားသော ကွယ်လွယ်ကျေးရွာ ဘောလုံးအသင်းအား ဆုဖလားနှင့် ငွေကျပ်သိန်း ၅၀ တို့ကိုလည်းကောင်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရှိရသည်။ ***(အပေါ်ပုံ)***

(ခရိုင် ပြန်/ဆက်)

ဆုချီးမြှင့်

၂၀၁၀-၂၀၁၁ ပညာသင်နှစ် ဟသ်ာတတက္ကသိုလ် အမျိုးသား အမျိုးသမီး ဘောလုံးပြိုင်ပွဲကို ဇူလိုင် ၄ ရက်မှ ၁၄ ရက်အထိ မြို့နယ်အားကစားကွင်း၌ ကျင်းပရာ ပထမတံခွန်စိုက်ဆုရရှိသော ဓာတုဗေဒ(အမျိုးသား) ဘောလုံးအသင်းအား ဇူလိုင် ၁၄ ရက်က ဟသ်ာတတက္ကသိုလ် တာဝန်ခံပါမောက္ခချုပ် ဒေါက်တာတင်ထွန်းမြင့် ဆုချီးမြှင့်စဉ်။ (ဝ၂၃)

အားကစား မြှင့်တင် စိတ်လန်းရွှင် ဆန့်ကျင် မူးယစ်ဆေး

အလေးမဒိုင်လူကြီး မွမ်းမံသင်တန်း ဖွင့်လှစ်မည်

ရန်ကုန် ဇူလိုင် ၁၉

၂၀၁၃ ခုနှစ်တွင် မြန်မာနိုင်ငံက အိမ်ရှင်နိုင်ငံအဖြစ် လက်ခံကျင်းပမည့် (၂၇)ကြိမ်မြောက် အရှေ့တောင်အာရှအားကစားပြိုင်ပွဲ အလေးမပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အပြည်ပြည်ဆိုင်ရာ အလေးမဒိုင်လူကြီးများ အင်အားပြည့် ပါဝင်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် အလေးမဒိုင်လူကြီးမွမ်းမံသင်တန်းကို ဇူလိုင် ၂၅ ရက်မှ ၂၉ ရက်အထိ ရန်ကုန်မြို့ အောင်ဆန်းအားကစားပြိုင်ဝင်းရှိ အလေးမလေ့ကျင့်ရေးရုံ၌ ဖွင့်လှစ်မည်ဖြစ်ရာ အဆိုပါသင်တန်းသို့ မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ်၏ ဒိုင်လူကြီးလိုင်စင်ရရှိထားသူများ တက်ရောက်ရန်နှင့် မြန်မာနိုင်ငံအလေးမအဖွဲ့ချုပ် ဖုန်း-၀၁-၃၈၈၀၆၀သို့ ဇူလိုင် ၂၄ ရက် နောက်ဆုံးထား၍ သတင်းပို့ရန်ဖြစ်ကြောင်း သိရသည်။

အဆိုပါသင်တန်း၌ စာတွေ့၊ လက်တွေ့ဆန်းစစ်ချက်များကို အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ်၏ မေးခွန်းလွှာများဖြင့် စစ်ဆေးသွားမည်ဖြစ်ကြောင်းနှင့် အရည်အချင်းပြည့်မီသူများအား အပြည်ပြည်ဆိုင်ရာအလေးမအဖွဲ့ချုပ် အသိအမှတ်ပြု အပြည်ပြည်ဆိုင်ရာ အလေးမဒိုင်လူကြီးလိုင်စင်ရရှိရေးကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။ ***(မြန်မာ့အလင်း)***

ဖွံ့ဖြိုးစည်ပင် မြန်ပြည်တစ်ခွင်

မိုးကောင်းမြို့နယ် ကုန်းတန်းကြီးကျေးရွာ ရွာလမ်းမကြီးတစ်လျှောက် ရေစီးရေလာကောင်းမွန်ရေးအတွက် ဇွန် ၃ ရက်က ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းကို အမှုဆောင်အရာရှိ ဦးဝင်းနိုင်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ (စက်မှု) ဦးနေသူရိန်စိန်လှတို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မိုင်းရှူးမြို့နယ် ဝမ်ဆော့ကျေးရွာသို့ ပိုက်လိုင်းသွယ်တန်းရန် ပိုက်များစုဆောင်းထားရှိမှုကို ဇူလိုင် ၁၀ ရက်က မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်စည်နှင့် အငယ်တန်းအင်ဂျင်နီယာ-၂ ဦးမြင့်ကျော်သူတို့ ကွင်းဆင်းစစ်ဆေးကြစဉ်။ (မြို့နယ်စည်ပင်)

ရေးမြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်းဆောင်ရွက်သည့် အဘော်-ဒူးယားကျေးလက်လမ်းပေါ်ရှိ အဘော်တံတားတည်ဆောက်နေမှုကို ဇွန် ၁၀ ရက်က အမှုဆောင်အရာရှိ ဦးအောင်ထွဋ် ကြီးကြပ်ဆောင်ရွက်စဉ်။ (မြို့နယ်စည်ပင်)

ဟိုပုံးမြို့နယ် တပင်ရွှေထီးလမ်းကျောက်ချောခင်းနေမှုကို အမှုဆောင်အရာရှိ ဦးစိုင်းအောင်လင်းနှင့်တာဝန်ခံအင်ဂျင်နီယာ ဦးစိုးလွင်မြင့်တို့ ကြီးကြပ်ဆောင်ရွက်ကြစဉ်။ (မြို့နယ်စည်ပင်)

ပုသိမ်မြို့နယ် စည်ပင်သာယာရေးအဖွဲ့နှင့် ပြည်သူများပူးပေါင်း၍ ပုသိမ်မြို့ ဈေးချောင်းလမ်း ကွန်ကရစ်ခင်းခြင်းလုပ်ငန်းကို ဇူလိုင် ၃ ရက်က ဧရာဝတီတိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးအောင်မင်းနိုင် ကြည့်ရှုစစ်ဆေးစဉ်။ (မြို့နယ်စည်ပင်)

နိုင်ငံတကာဂီတ

ရက်ပ်အဆိုတော် တမ်ပတ်ချ်

ပေါ့ပ်အဆိုတော် အဒေလီ

အဆိုတော် အဒေလီနှင့် အဆိုတော်တမ်ပတ်ချ် မာကျူရီဂီတဆု ဆွတ်ခူးရန် ရေပန်းစား

လန်ဒန် ဇူလိုင် ၁၉

ဗြိတိသျှ ပေါ့ပ်အဆိုတော် အဒေလီ (Adele) နှင့် အိုင်ယာလန် ရက်ပ်အဆိုတော် တီနီ တမ်ပတ်ချ် (Tinie Tempah) တို့သည် ယခုနှစ် မာကျူရီ တေးဂီတဆု (Mercury Prize) အတွက် ပဏာမ ရွေးချယ်ထားသည့် စာရင်းတွင် ပါဝင်ထားသည်။

အဆိုပါ အဆိုတော်များသည် ၂၀၀၁ ခုနှစ်က ဒုတိယဆု ရရှိသူ အဆိုတော် ပီဂျေဟာဗေး (PJ Harvey) နှင့် ၂၀၀၈ ခုနှစ်တွင် ဆုရရှိခဲ့သည့် အဆိုတော် အဲဘိုး (Elbow) တို့နှင့် အပြိုင် ယှဉ်ပြိုင်အရွေးခံရမည်ဖြစ်သည်။

ပါဝင်

ယင်းအကောင်းဆုံး တေးဂီတဆုကို ဆွတ်ခူးရန် ရေပန်းစားနေသော အခြားသော အဆိုတော်များမှာ ကာတီဘီ (Katy B)၊ မီထရိုနိုမိုင် (Metronomy)၊ ကင်းခရီယို ဆိုတေး (King Creosote)၊ ဂျွန်ဟုတ်ကင်းစ် (Jon Hopkins)၊ ဂျိမ်းစ်ဘလိတ် (James Blake) နှင့် အဲဗရီးသင်း အဲဗရီးသင်း(Everything Everything) တို့လည်း ပါဝင်သည်။

အဆိုပါ အကောင်းဆုံး တေးဂီတဆုသည် ပြီးခဲ့သည့် တစ်နှစ်တာအတွင်း ထွက်ရှိခဲ့သည့် တေးအယ်လ်ဘမ်များအပေါ် အခြေခံရွေးချယ်ခြင်းဖြစ်ပြီး လာမည့် စက်တင်ဘာ ၆ ရက်တွင် ဆုကြေညာမည်ဖြစ်သည်။ ဆုရရှိသော အဆိုတော်သည် ဆုကြေးငွေ ပေါင်၂၀၀၀၀ ရရှိမည်ဖြစ်သည်။

အဆိုတော် အဒေလီသည် ၂၁ အမည်ရှိ တေးအယ်လ်ဘမ် ထွက်ရှိထားသည်။ ၎င်းတေးအယ်လ်ဘမ်သည် ဗြိတိသျှ အရောင်းရဆုံး တေးအယ်လ်ဘမ် စာရင်းတွင် ၁၇ပတ်တိုင် ဆက်တိုက် ထိပ်ဆုံး၌ရပ်တည်နိုင်ခဲ့သည်။ **(အင်တာနက်)**

ကမ္ဘာကျော်အဆိုတော် ဘီယွန်ဆေး အာကာသယာဉ်မှူးများထံ သီချင်းခွေပေးပို့

မြင့်မောင်စိုး စုစည်းသည်

လော့စ်အိန်ဂျလိစ် ဇူလိုင် ၁၉

အဆိုတော် ဘီယွန်ဆေး **(ယာပုံ)**သည် နိုင်ငံတကာအာကာသစခန်း (အိုင်အက်စ်အက်စ်)သို့ ရောက်ရှိနေသော အတ္တလန္တစ်လွန်းပြန်ယာဉ်မှ အာကာသယာဉ်မှူးလေးဦးထံသို့ ဇူလိုင် ၁၈ ရက်က အသံသွင်း သီချင်းခွေဖိုင် ပေးပို့ခဲ့သည်။

ပေးပို့ခဲ့

အသက် ၂၉ နှစ်အရွယ်ရှိ အာအင်န်ဘီ (R & B) အဆိုတော် ဘီယွန်ဆေးသည် အသံဖိုင်သီချင်းခွေကို သူမ၏ Run The World သီချင်း ဖြန့်ချိရေးကိုယ်စားလှယ်မှတစ်ဆင့် အတ္တလန္တစ်လွန်းပြန်ယာဉ် အာကာသယာဉ်မှူးများထံ ပေးပို့ခဲ့ခြင်းဖြစ်သည်။

"ဟဲလို. . . ဂွတ်မောနင်း အတ္တလန္တစ်၊ ကျွန်မ ဘီယွန်ဆေးပါ. . .၊ သင်တို့အားလုံးဟာ ကျွန်မတို့ရဲ့ အိပ်မက်တွေကို အကောင်အထည်ဖော်နေကြတဲ့ အာကာသသူရဲကောင်းတွေပါ. . .၊ သင်တို့အားလုံး အောင်မြင်ကြပါစေလို့ ဆုတောင်းပါတယ်" ဟု အဆိုတော် ဘီယွန်ဆေးက အသံသွင်းဖိုင်တွင် ထည့်သွင်းပြောကြားခဲ့သည်။ သူမသည် အထူးသဖြင့် အမျိုးသမီးအာကာသယာဉ်မှူး ဆန်ဒီမက်နပ်(စ်)ထံသို့ ရည်ရွယ်ပြောကြားလိုက်ခြင်းဖြစ်သည်။ ယခုပေးပို့သည့် သီချင်းသည် သူမ၏ သူငယ်ချင်းဆန်ဒီထံ ရည်ရွယ်ပေးပို့လိုက်ခြင်းဖြစ်သည်။ အာကာသသို့ရောက်ရှိဖူးသော အမျိုးသမီးတိုင်းသည် ကျွန်ုပ်တို့ အမျိုးသမီးထုတစ်ရပ်လုံး၏အနာဂတ် စွန့်စားမှုအတွက် ဖြစ်ကြောင်းလည်း ဘီယွန်ဆေးက ဆက်လက်ပြောကြားသည်။

အတ္တလန္တစ်လွန်းပြန်ယာဉ်သည် နာဆာလွန်းပြန်ယာဉ်လွှတ်တင်ရေးအစီအစဉ်၏ (၁၃၅) ကြိမ်မြောက်ဖြစ်သကဲ့သို့ နောက်ဆုံးလွန်းပြန်ယာဉ် လွှတ်တင်ခြင်းလည်းဖြစ်သည်။ ၎င်းလွန်းပြန်ယာဉ်ကို ဇူလိုင် ၈ ရက်က အမေရိကန်နိုင်ငံ ဖလော်ရီဒါပြည်နယ် ကိတ်ကာနေဗယ်အာကာသစခန်းက လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ ထိုလွန်းပြန်ယာဉ်သည် ၁၂ ရက်ကြာ ခရီးစဉ်ဖြစ်ပြီး နိုင်ငံတကာအာကာသစခန်းသို့ ထောက်ပံ့ရေးပစ္စည်းတန်ချိန် ၃ ဒသမ ၅ တန် သယ်ဆောင်သွားခဲ့သည်။ **(အင်တာနက်)**



အဆိုတော် ဂျိုးစ်စတုန်းအား သတ်ရန်ကြံသူ တရားစွဲခံရ

မန်ချက်စတာ ဇူလိုင် ၁၉

ဗြိတိန်နိုင်ငံသူ ကမ္ဘာကျော်တေးဂီတအဆိုတော်ဂျိုးစ်စတုန်း (Joss Stone) **(ဝဲပုံ)**အားသတ်ရန် ကြံစည်သည့် တရားခံအမျိုးသားနှစ်ဦးအား ဇူလိုင် ၁၆ ရက်က မန်ချက်စတာမြို့ တရားရုံး၌ ရုံးထုတ်စစ်ဆေးခဲ့သည်။

အဆိုပါ တရားခံများမှာ အသက် ၃၀ ရှိ ဂျူနီယာဘရက်လျောနှင့် အသက် ၃၃ နှစ်ရှိ ကီဗင်လီဗာပူးတို့ဖြစ်ပြီး နှစ်ဦးစလုံး စိန့်စတီဗင်မြို့မှဖြစ်ကြသည်။ ယင်းတို့နှစ်ဦးသည် အဆိုတော် ဂျိုးစ်စတုန်းအား ဓားပြတိုက်မှုနှင့်သတ်ရန်ကြံစည်မှုတို့ဖြင့် တရားစွဲဆိုခံထားရခြင်းဖြစ်သည်။ သို့သော် ယင်းတို့နှစ်ဦးက စွဲချက်များကို ငြင်းဆိုထားသည်။ ၎င်းတို့၏အမှုကို လာမည့်အောက်တိုဘာ ၂၄ ရက်တွင် ပြန်လည်စစ်ဆေးရန် ရွှေ့ဆိုင်းထားသည်။

ယင်းအမျိုးသားနှစ်ဦးသည် ဇွန် ၁၆ ရက်က ဒေးဗွန်းမြို့ရှိ အသက် ၂၄ နှစ်အရွယ် အဆိုတော် ဂျိုးစ်စတုန်း၏နေအိမ်အနီး၌ အဖမ်းခံရခြင်းဖြစ်သည်။ ၎င်းတို့နှစ်ဦးသည် သူမ၏ အိမ်အနီး၌ ဆာမူရိုင်းဓားတစ်ချောင်း၊ လူသေထည့်ရန် အိတ်တစ်လုံး၊ ကြိုးများ၊ အနီရောင်ကားတစ်စီးနှင့်အတူ ဖမ်းဆီးခံရခြင်းဖြစ်သည်။ အဆိုတော် ဂျိုးစ်စတုန်းသည် Super Duper Love နှင့် Fell in Love with A Boy သီချင်းများဖြင့် ကမ္ဘာကျော်ခဲ့သူဖြစ်သည်။ **(အင်တာနက်)**

နိုင်ငံတကာအားကစား

မောင်မောင်မြင့်ဆွေ- စုစည်းသည်

ဘာရာဇီးလူငယ်တိုက်စစ်မှူးနေမာ ရီးရဲမက်ဒရစ်သို့ပြောင်းရွှေ့မည်

မက်ဒရစ် ဇူလိုင် ၁၉

ဘာရာဇီးကလပ် ဆန်တို့စ်အသင်း၌ ကစားနေသော လူငယ်တိုက်စစ်မှူး နေမာ (ယာပုံ)အား ဘာစီလိုနာနှင့် ရီးရဲမက်ဒရစ်အသင်းများကခေါ်ယူရေး အပြိုင်ကြိုးစားလျက်ရှိသည်။

အသက် ၁၉နှစ်အရွယ်ရှိ နေမာသည် နွေရာသီအပြောင်းအရွှေ့ကာလအတွင်း ချယ်လ်ဆီးသို့ ပြောင်းရွှေ့ကစားရန် ဆက်သွယ်မှုပြုလုပ်ခဲ့သော်လည်း နေမာ၏အေးဂျင့်ဖြစ်သူက နေမာသည် ရီးရဲမက်ဒရစ်ကလပ်သို့ ပြောင်းရွှေ့ကစားရန် ဆန္ဒရှိနေခဲ့ကြောင်းပြောကြားသည်။

မိမိသည်ရီးရဲမက်ဒရစ်အသင်းသို့ လောလောဆယ်သွားကစားရန် စီစဉ်နေကြောင်း၊ နောက်ပိုင်းတွင် ဘာစီလိုနာအသင်းသို့ ပြောင်းရွှေ့ကစားမည်ဖြစ်ကြောင်း နေမာက ထုတ်ဖော်ပြောကြားသည်။

နေမာသည် တိုက်စစ်မှူးတစ်ဦးတွင်ရှိသည့် အရည်အချင်းများရှိနေကြောင်း၊ လူငယ်တိုက်စစ်မှူးများကို မိမိခေါ်ယူရန်ရှိနေကြောင်း နည်းပြမော်ရင်ဟိုက ထုတ်ဖော်ပြောကြားသည်။ (အင်တာနက်)



ကွင်းလယ်ကစားသမား ရှနိုက်ဒါ မန်ယူကခေါ်ယူစာချုပ်မည်

လန်ဒန် ဇူလိုင် ၁၉

*အင်တာမီလန်နှင့် နယ်သာလန်အသင်း ကွင်းလယ်ကစားသမားရှနိုက်ဒါ **(အပေါ်ပုံ)**အား မန်ယူအသင်းက ခေါ်ယူရန် သဘောတူညီမှုရရှိတော့မည်ဖြစ်ကြောင်း မန်ယူက ဇူလိုင် ၁၉ ရက်၌ သတင်းထုတ်ပြန်သည်။*

မန်ယူကလပ်သည် ရှနိုက်ဒါအား ပြောင်းရွှေ့ကြေး ပေါင် ၃၅ သန်းပေးမည်ဖြစ်ပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၁၉၀၀၀၀ ပေးမည်ဟု ကမ်းလှမ်းထားသည်။ ရှနိုက်ဒါက တစ်ပတ်လုပ်ခပေါင် ၂၅၀၀၀၀ ပေးရန် တောင်းဆိုထားသည်။

စီစဉ်

မန်ယူအသင်းတွင် အဓိကကွင်းလယ်ကစားသမား ပေါလ်စခိုး အနားယူသွားပြီဖြစ်ရာ ၎င်းနေရာ၌ အသက် ၂၇နှစ်အရွယ်ရှိ ရှနိုက်ဒါနှင့် အစားထိုးရန် မန်ယူနည်းပြ ဖာဂူဆန်က စီစဉ်လျက်ရှိသည်။

*မန်ယူကလပ်အမှုဆောင်အရာရှိချုပ် ဒေးဗစ်ဂီးလ်ကလည်း ရှနိုက်ဒါအား စာချုပ်နိုင်ရေး ၎င်း၏တောင်းဆိုမှုများကို အနီးစပ်ဆုံး ဆွေးနွေးညှိနှိုင်းသွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အင်တာနက်)***

တိုက်စစ်မှူး တီဗက်ဇ်နေရာ အဂွီရို [illegible]

လန်ဒန် ဇူလိုင် ၁၉

မန်စီးတီးအသင်းသည် တိုက်စစ်မှူး တီဗက်ဇ်အား ဘရာဇီးကလပ် ကိုရင်သီယန်အသင်းသို့ ရောင်းချရန်သဘောတူလိုက်ပြီဖြစ်ရာ တီဗက်ဇ်နေရာအား အက်သလက်တီကိုမက်ဒရစ်တိုက်စစ်မှူး အဂွီရိုနှင့် အစားထိုးမည်ဖြစ်ကြောင်း ၎င်းကလပ်က ဇူလိုင် ၁၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ဆန္ဒရှိနေ

*တိုက်စစ်မှူး အဂွီရို **(ဝဲပုံ)**အား ပြောင်းရွှေ့ကြေး ပေါင်သန်း ၄၀ ဖြင့် ခေါ်ယူပြီး တစ်ပတ်လုပ်ခလစာ ပေါင် ၁၆၀၀၀၀ ပေးမည်ဟု မန်စီးတီးအသင်း တာဝန်ရှိသူများက ပြောကြားသည်။ အဂွီရိုကမူ တစ်ပတ်လုပ်ခလစာပေါင် ၂၄၀၀၀၀ ရရှိရန် ဆန္ဒရှိနေသည်။*

တိုက်တွန်း

*အဂွီရို၏ ယောက္ခမဖြစ်သူ ဘောလုံးသမားကြီး မာရာဒိုနာကမူ မန်စီးတီးသို့ပြောင်းရွှေ့မကစားရန် အဂွီရိုအား တိုက်တွန်းထားသည်။ **(အင်တာနက်)***



ယူ -၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ ကိုလံဘီယာနိုင်ငံ၌ ကျင်းပမည်

ဆန်ဂျို့စ် ဇူလိုင် ၁၉

ကမ္ဘာ့ဘောလုံးအဖွဲ့ချုပ် (ဖီဖာ)က ကြီးမှူးကျင်းပသည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲကို ကိုလံဘီယာနိုင်ငံ၌ လာမည့် ဇူလိုင် ၂၉ ရက်မှ ဩဂုတ် ၂၀ ရက်အထိ ကျင်းပတော့မည်ဖြစ်သည်။

အုပ်စုခွဲခြောက်စုခွဲပြီး ကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလား ဘောလုံးပြိုင်ပွဲသို့ နိုင်ငံတကာမှ ဘောလုံးအသင်း ၂၄ သင်းတို့ ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်သည်။ မကြာမီကျင်းပမည့် ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ၌ အာရှမှတောင်ကိုရီးယားနှင့် မြောက်ကိုရီးယား အသင်းနှစ်သင်းသာ ပါဝင်ယှဉ်ပြိုင်ခွင့်ရရှိသည်။

အုပ်စု(က)တွင် ပြင်သစ်၊ တောင်ကိုရီးယား၊ ကိုလံဘီယာ၊ မာလီတို့ပါဝင်ပြီး အုပ်စု(ခ)တွင် ကင်မရွန်း၊ နယူးဇီလန်၊ ပေါ်တူဂီ၊ ဥရုဂွေးတို့ ပါဝင်သည်။ အုပ်စု (ဂ)တွင် ကော်စတာရီကာ၊ စပိန်၊ ဩစတြေးလျ၊ အီကွေဒေါတို့ပါဝင်ပြီး အုပ်စု(ဃ) တွင် ခရိုအေးရှား၊ ဆော်ဒီအာရေဗျ၊ နိုင်ဂျီးရီးယား၊ ဂွါတီမာလာ အသင်းတို့ ပါဝင်သည်။ အုပ်စု(င)တွင် အီဂျစ်၊ ပနားမား၊ ဘရာဇီး၊ ဩစတြီးယားအသင်းတို့ ပါဝင်ပြီး အုပ်စု(စ)တွင် မက္ကဆီကို၊ မြောက်ကိုရီးယား၊ အင်္ဂလန်နှင့် အာဂျင်တီးနားအသင်းတို့ ပါဝင်ကြသည်။

ယူ-၂၀ ကမ္ဘာ့ဖလားဘောလုံးပြိုင်ပွဲ အဖွင့်ပွဲစဉ်အဖြစ် အင်္ဂလန်နှင့် မြောက်ကိုရီးယားအသင်းတို့ ယှဉ်ပြိုင်မည်ဖြစ်ပြီး ယင်းနေ့၌ပင် ဩစတြီးယားနှင့် ပနားမား၊ အာဂျင်တီးနားနှင့် မက္ကဆီကိုအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်သည်။

(အင်တာနက်)

ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား UNICEF မှ ဒေသနေကိုယ်စားလှယ် လာရောက်တွေ့ဆုံ

နေပြည်တော် ဇူလိုင် ၁၉

ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေသက်ခင်အား ကုလသမဂ္ဂ ကလေးများ ရန်ပုံငွေအဖွဲ့ (UNICEF) မှ ဒေသနေကိုယ်စားလှယ် Mr. Ramesh Shrestha သည် ဇူလိုင် ၁၈ ရက် မွန်းလွဲ ၁ နာရီက နေပြည်တော်ရှိ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌ လာရောက်တွေ့ဆုံ၍ UNICEFနှင့် ကျန်းမာရေးဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိသော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများနှင့် ဆက်လက်ဆောင်ရွက်မည့်ကိစ္စရပ်များ၊ စီမံကိန်းဒေသသတ်မှတ်ရေးကိစ္စရပ်များ၊ မိခင်နှင့်ကလေး၊ မွေးကင်းစကလေး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းကိစ္စရပ်များ၊ မိခင်နို့တိုက်ကျွေးရေးစီမံချက်ကိစ္စရပ်များနှင့် ကျန်းမာရေးပညာပေးလုပ်ငန်းများ တိုးမြှင့်ဆောင်ရွက်သွားရန် လုပ်ငန်းအစီအစဉ်များကို ဆွေးနွေးခဲ့ကြသည်။

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ကျန်းမာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာဝင်းမြင့်၊ ကျန်းမာရေးဦးစီးဌာနနှင့် ဆေးသိပ္ပံပညာဦးစီးဌာနတို့မှ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သတင်းရရှိသည်။ (သတင်းစဉ်)

အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲ မန္တလေး၌ကျင်းပ

မန္တလေး ဇူလိုင် ၁၉

ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ပြည်တွင်းအခွန်များဦးစီးဌာန၊ မန္တလေးတိုင်းဒေသကြီး မန္တလေးခရိုင်အတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များအား အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေး အခွန်ဆိုင်ရာပညာပေးဆွေးနွေးပွဲကို ဇူလိုင် ၁၂ ရက် နံနက် ၁၀နာရီက ပြည်တွင်းအခွန်များဦးစီးဌာန မန္တလေးတိုင်းဒေသကြီးရုံး အစည်းအဝေးခန်းမ၌ကျင်းပရာ မန္တလေးတိုင်းဒေသကြီး ဘဏ္ဍာရေးနှင့်အခွန်ဝန်ကြီးဌာန ဝန်ကြီး ဦးအောင်မောင်း တက်ရောက်၍အမှာစကားပြောကြားသည်။ **(အပေါ်ပုံ)**

ထို့နောက် မန္တလေးခရိုင်အခွန်ဦးစီးဌာနမှူး၊ ချမ်းအေးသာစံမြို့နယ် အခွန်ဦးစီးဌာနမှူး ဦးကျော်ဆန်းနှင့် အောင်မြေသာစံ၊ မဟာအောင်မြေ၊ ချမ်းမြသာစည်နှင့် ပြည်ကြီးတံခွန်မြို့နယ်အခွန်ဦးစီးဌာနမှူးများက အခွန်အမှတ်တံဆိပ်ကပ်နှိပ်ရေးနှင့်ပတ်သက်၍ အခွန်ဆိုင်ရာများကို ပညာပေးရှင်းလင်းပြောကြားကြပြီး လက်တွေ့သရုပ်ပြသသည်။ ဆက်လက်၍ တက်ရောက်လာသူများ၏ သိရှိလိုသည့် မေးမြန်းမှုများကို တာဝန်ရှိသူများကပြန်လည်ရှင်းလင်းပြောကြားခဲ့ကြောင်း သိရှိရသည်။ **(အခွန်ဦးစီး)**

ငါးသယံဇာတထိန်းသိမ်းရေး မိုးညှင်း၌ ပညာပေးဆွေးနွေး

မိုးညှင်း ဇူလိုင် ၁၉

၂၀၁၁-၂၀၁၂ ခုနှစ် ငါးရစ်၊ ငါးသန်တားမြစ်ကာလ၌ အင်းများအတွင်း ငါးဖမ်းဆီးမှုမရှိစေရေးအတွက် ကွင်းဆင်းစစ်ဆေးခြင်း၊ ပညာပေးဆွေးနွေးခြင်း၊ ပညာပေးဆိုင်းဘုတ်များ စိုက်ထူခြင်း၊ သတိပေးစာများဖြန့်ဝေခြင်း ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ် မိုးညှင်းခရိုင် ငါးလုပ်ငန်းဦးစီးဌာန ခရိုင်ငါးလုပ်ငန်းဦးစီးဌာနမှူး ဦးစန်းမောင်ဦးသည် အင်းတော်ကြီးဒေသနှင့် မိုးကောင်းမြို့နယ် အင်းများအတွင်း ကွင်းဆင်းစစ်ဆေး၍ ပညာပေးဆိုင်းဘုတ်များ စိုက်ထူပေးခဲ့ကြောင်း သိရှိရသည်။

(မြို့နယ် ပြန်/ဆက်)

အမြို့မြို့အနယ်နယ်၌ စာကြည့်တိုက်များဖွင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်း

နေပြည်တော် ဇူလိုင် ၁၉

ပညာဘဏ်စာကြည့်တိုက်သစ် မြိုင်မြို့နယ်၌ဖွင့်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင် မြိုင်မြို့နယ် ဒဟတ်ချောက်ကျေးရွာအုပ်စု စိုင်ဂေါင်းရွာ ကိုယ့်အားကိုယ်ကိုး ပညာဘဏ်စာကြည့်တိုက်အဆောက်အအုံသစ်ဖွင့်ပွဲကို ဇွန် ၁၇ ရက် နံနက် ၁၀ နာရီခွဲက စာကြည့်တိုက်ရှေ့၌ကျင်းပရာ အခမ်းအနားတွင် ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အုပ်ချုပ်ရေးမှူး ဦးခင်မောင်ရီနှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်တင်တို့က အမှာစကားပြောကြားကြပြီး ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ဝင်းက စာကြည့်တိုက်ဖွင့်လှစ်ပေးရခြင်း၏ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စာကြည့်တိုက်ဆောက်လုပ်ရေးကော်မတီဝင် ဦးသောင်းရွှေက မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးနွဲ့ထံ ဖွင့်ပွဲအထိမ်းအမှတ်အလံ လွှဲပြောင်းပေးအပ်ပြီး အလှူရှင်များက စာအုပ်များ၊ ပရိဘောဂများလှူဒါန်းကြရာ စာကြည့်တိုက်ကော်မတီဝင် ဦးပန်းဇံက လက်ခံယူသည်။

ဖွင့်လှစ်ပေး

ထို့နောက် စာကြည့်တိုက်ကို ခရိုင်အုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ကျေးရွာရပ်မိရပ်ဖ ဦးသောင်းရွှေတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။ (အောက်ပုံ)

စာကြည့်တိုက်မြေအကျယ်အဝန်းမှာ အလျား ၄၅ ပေ၊ အနံ ၃၇ ဒသမ ၆ ပေရှိပြီး အလျား ပေ ၃၀၊ အနံ ၂၂ ဒသမ ၆ ပေ၊ အမြင့် ၁၂ ပေရှိ အဆောက်အအုံဖြစ်ကာ သွပ်မိုး၊ အုတ်ကာ၊ ကွန်ကရစ်ခင်းဖြစ်ကြောင်း သိရှိရသည်။ (၁၃၅)

မြန်မာနိုင်ငံ စာကြည့်တိုက်များဖောင်ဒေးရှင်းသို့ အလှူငွေနှင့် စာအုပ်စာစောင်များ လှူဒါန်းနိုင်

မြန်မာနိုင်ငံစာကြည့်တိုက်များ ဖောင်ဒေးရှင်းသည် ပြည်သူများ အသိပညာ ဗဟုသုတမြင့်မားလာစေရေးနှင့် ကိုယ့်အားကိုယ်ကိုးစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် အားပေးကူညီဆောင်ရွက်လျက်ရှိရာ စေတနာရှင် အလှူရှင်များအနေဖြင့် အလှူငွေနှင့်စာအုပ်စာစောင်များလှူဒါန်းလိုပါက မြန်မာနိုင်ငံစာကြည့်တိုက်များဖောင်ဒေးရှင်း အမှတ် ၂၂၈ သိမ်ဖြူလမ်း ဗိုလ်တထောင်မြို့နယ် ရန်ကုန်မြို့ ဖုန်း-၀၁-၃၇၁၃၄၂၊ ၀၁-၂၀၁၉၃၆ နှင့် ၀၁-၃၉၈၇၅၆ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်သည်။

ဂုဏ်ပြုလွှာပေးအပ်

မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ သွားတော်၊ ဓာတ်တော်နှင့် ဆံတော်ရှင် သမိုင်းဝင် ကျိုက်သလ္လံစေတီတော်မြတ်ကြီး လုံးတော်ပြည့်ရွှေသင်္ကန်းကပ်လှူပူဇော်ပွဲအတွက် ဇွန် ၂၆ ရက်က မော်လမြိုင်မြို့ မြိုင်သာယာရပ်ကွက်နေ ဦးသန်းဇော်-ဒေါ်စန်းစန်းဦး မိသားစုက အလှူငွေကျပ်တစ်သိန်းခြောက်သောင်း ပေးအပ်လှူဒါန်းရာ ဘုရားဘဏ္ဍာတော်ထိန်းဂေါပကအဖွဲ့ကလက်ခံယူပြီး အလှူရှင်မိသားစုအား ဂုဏ်ပြုလွှာပေးအပ်စဉ်။ (၁၀၇)

ပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြပွဲ အောင်လံမြို့နယ်၌ကျင်းပ

အောင်လံ ဇူလိုင် ၁၉

မကွေးတိုင်းဒေသကြီး သရက်ခရိုင် အောင်လံမြို့နယ် သံရွာကျေးရွာ ကွင်းအမှတ် (၇၈) လယ်သမားဦးအေးငွေ၏ မိုးစပါးစိုက်ခင်း ၂ ဒသမ ၄၈ ဧကတွင် ပေါင်းစနစ်ဖြင့် ပျိုးထောင်ခြင်းသရုပ်ပြပွဲကို ဇွန် ၃၀ ရက် ညနေ ၃ နာရီက အဆိုပါလယ်ကွင်း၌ကျင်းပရာ သရက်ခရိုင်အုပ်ချုပ်ရေးမှူး ဦးမြအေးနှင့် ခရိုင်စိုက်ညှိအဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်ဝေနှင့် မြို့နယ်စိုက်ညှိအဖွဲ့ဝင်များ၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးများနှင့် တောင်သူများ တက်ရောက်ကြည့်ရှုလေ့လာခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ)**

(မြို့နယ် ပြန်/ဆက်)

မိုးရာသီသစ်ပင်စိုက်ပျိုးပွဲ ရွှေတောင်မြို့၌ကျင်းပ

ရွှေတောင် ဇူလိုင် ၁၉

၂၀၁၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးပွဲကို ဇူလိုင် ၂ ရက် နံနက် ၈ နာရီက ပြည်ခရိုင် ရွှေတောင်မြို့နယ် ဆည်ကြီးကုန်းကျေးရွာအုပ်စု ညောင်ဝိုင်းကျေးရွာအနီးတိုးချဲ့ စစ်မှုထမ်းဟောင်းအိမ်ရာ၌ ကျင်းပရာ အခမ်းအနားတွင် ပြည်ခရိုင် အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ဘောက်နန်၊ ဒုတိယဥက္ကဋ္ဌဒေါ်ဝေဝေ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ဒေါက်တာဒေါ်အေးမြင့်နှင့်တာဝန်ရှိသူများက လူမှုရေးအသင်းအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့်ကျေးရွာသူ ကျေးရွာသားများထံသို့ ပျိုးပင်များကို ဖြန့်ဝေပေးကြသည်။

ဆက်လက်၍ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌနှင့် ခရိုင်/မြို့နယ် အမျိုးသမီးရေးရာ အဖွဲ့ဝင်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြင့်လွင်နှင့် ဌာနဆိုင်ရာဝန်ထမ်းများ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးဌာနမှူး ဦးဖိုးချိုနှင့် ဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ဒေသခံပြည်သူများက ရတနာတန်းဝင် ကျွန်း၊ ပိတောက်၊ ပျဉ်းကတိုး၊ ယူကလစ်၊ အော်ရီရှား၊ တမာ၊ ရေတမာ၊ စိန်ပန်းကြီးနှင့် မဲဇလီပင် စုစုပေါင်းပျိုးပင် ၁၆၁၅ ပင်ကို စုပေါင်းစိုက်ပျိုးခဲ့ကြကြောင်း သိရှိရသည်။ **(အပေါ်ပုံ) (မြို့နယ် ပြန်/ဆက်)**

သစ်တောသစ်ပင်

ဒို့ချစ်ခင်

နှစ်စဉ်စိုက်ပျိုး

အလှတိုး

ကြီးကြပ်ဆောင်ရွက်

မြောင်းမြမြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီးပတ်လည် ရေနုတ်မြောင်းများ ရေစီးရေလာကောင်းမွန်ရေး ရှင်းလင်းဆောင်ရွက်နေမှုကို ဇူလိုင် ၅ ရက်က အမှုဆောင်အရာရှိ ဦးမောင်တိုးနှင့် လက်ထောက်အင်ဂျင်နီယာ ဦးရွှေထွန်းတို့ ကွင်းဆင်းကြီးကြပ်ကြစဉ်။ (မြို့နယ်စည်ပင်)

★ တည်ငြိမ်အေးချမ်းမှ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်မည်။
★ တည်ငြိမ်အေးချမ်းမှ ဒီမိုကရေစီ ဖော်ဆောင်အောင်မြင်နိုင်မည်။

★ မင်းမဲ့စရိုက်ဖြင့် ဒီမိုကရေစီမရနိုင်။
★ ဆူပူမှုဖြင့် ဒီမိုကရေစီမရနိုင်။
★ အခြေခံဥပဒေဖြင့်သာ ဒီမိုကရေစီ ရနိုင်သည်။

ပြည်သူ့ဆန္ဒ သဘောထား

■ တည်ငြိမ်အေးချမ်းမှုကို လိုလားသည်။
■ ဖွံ့ဖြိုးတိုးတက်မှုကို လိုလားသည်။
■ ဆူပူအကြမ်းဖက်မှုကို မလိုလား။
■ ဆူပူအကြမ်းဖက်မှု ဖန်တီးသူများ-
ဝိုင်းဝန်းဖယ်ရှား။

☆ VOA, BBC - ရန်တိုက်ပေးနေသည်။
☆ RFA, DVB - သွေးထိုးနေသည်။
☆ ခလောက်ဆန် အကောက်ကြံ
လေလိုင်းသံ လူသတ်သမား-
နားမယောင်လေနဲ့ သတိထား။

လမ်းအပိုင်းလိုက် ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အလေးထားဆောင်ရွက်
တံတားများ၌ ရေစီးရေလာကောင်းမွန်ရေး မြေထိန်းနံရံများ တည်ဆောက်ထိန်းသိမ်း

ဆောက်လုပ်ရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့် B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော ညောင်ဦး-ကျောက်ပန်းတောင်း လမ်းအပိုင်းနှင့် ကျောက်ပန်းတောင်း-ငွေးချို-ရေနံချောင်း-မကွေးလမ်းအပိုင်းကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

နေပြည်တော် ဇူလိုင် ၁၉

ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်မြင့်သည် ဌာနဆိုင်ရာ တာဝန်ရှိသူများနှင့်အတူ ဇူလိုင် ၁၈ ရက် နံနက်ပိုင်းတွင် မြတ်နိုးသူကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မိတ္ထီလာ-ကျောက်ပန်းတောင်း-ညောင်ဦးလမ်း (ကျောက်ပန်းတောင်း-ညောင်ဦးလမ်းအပိုင်း) မိုင်တိုင်အမှတ်(၁၈/၂)နှင့် (၁၉)အကြား ကတ္တရာထပ်ပိုးလွှာခင်းခြင်းလုပ်ငန်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လက်ရှိကတ္တရာလမ်း ၁၈ ပေအကျယ်မှ ၂၄ ပေအကျယ် ရရှိအောင်ဆောင်ရွက်ရန်၊ နှုတ်ခမ်းသားပဲ့နေသည့် ကတ္တရာလမ်းများကို ပွင့်လင်းရာသီတွင် အမြန်ဆုံးဆောင်ရွက်သွားရန်၊ ကတ္တရာမျက်နှာပြင်လွှာ ပျက်စီးသော အပိုင်းများ၌ Seal Coat လောင်းပေးရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ကောင်းမွန်ကုမ္ပဏီမှ B.O.T စနစ်ဖြင့် ဆောင်ရွက်လျက်ရှိသော မကွေး-ရေနံချောင်း-ငွေးချို-ကျောက်ပန်းတောင်းလမ်း (ကျောက်ပန်းတောင်း-မကွေး)လမ်းအပိုင်းအား ၁၈ ပေအကျယ် ကတ္တရာလမ်းမှ ၂၄ ပေအကျယ်ချဲ့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု၊ မိုင်တိုင်အမှတ်(၃၉၀/၄) နှင့်(၃၉၀/၅)အကြားတွင် ကျောက်ခင်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး သတ်မှတ်ထားသည့် ကျောက်အရွယ်အစားမှန်ကန်ရေး၊ ကျောက်ဒုအထူအတိုင်း ရရှိအောင် ဆောင်ရွက်သွားရေးနှင့် အမာခံသိပ်သည်းမှုရရှိအောင် အထပ်ထပ်ခင်းကြိတ်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် နေပြည်တော်-တောင်ညို - မြို့သစ် - ကန်ပြား(မကွေး)လမ်းတစ်လျှောက် မိုးကြီးပြီးတောင်ကျရေများကြောင့် တံတားချဉ်းကပ်လမ်းများ ရေတိုက်စားမှု၊ လမ်းသားများ ပြိုကျနေမှုတို့ကိုလည်းကောင်း၊ မိုင်တိုင်အမှတ် (၆၂/၇)၊ (၆၁/၅)နှင့် (၆၀/၃)တို့ရှိ ရေကျော်အခြေအနေတို့ကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး ရေတိုက်စားပျက်စီးမှုမရှိစေရေး ရေကျော်များတွင် Step ခံ၍ ပြုပြင်ပေးရန် တာဝန်ရှိသူများအား မှာကြားခဲ့သည်။

မှာကြား

ယင်းနောက် ယင်းချောင်းတံတားကြွခိုင်မှု ၊ တံတားရေတိုက်စားမှုကာကွယ်ရန်အတွက် ရေစီးကြောင်း လမ်းလွှဲဖောက်လုပ်နေမှု၊ တံတားများ၊ Box Culvert များ၊ ရေပြွန်များနှင့် ကတ္တရာလမ်း အခြေအနေတို့ကို လမ်းတစ်လျှောက် လိုက်လံကြည့်ရှုစစ်ဆေးပြီး ရွှေ့ပန်းကုံးရှင်းလင်းဆောင်၍ လမ်းတံတားပြုပြင်ထိန်းသိမ်းရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ သတ်မှတ်ထားသည့်နေရာ၌ ဂိတ်စခန်းစနစ်တကျဖွင့်၍ ကားလမ်းကြွခိုင်မှု ထိန်းသိမ်းဆောင်ရွက်ရန်၊ လမ်းအမှတ်အသားများနှင့် မိုင်တိုင်များကို အသစ်ပြန်လည်ဆောင်ရွက်ရန်၊ မြို့နယ်အစ/မြို့နယ်အဆုံး ဆိုင်းဘုတ်များကို မြင်သာအောင်စိုက်ထူပေးရန်နှင့် ကုမ္ပဏီများအပိုင်းကလည်း တာဝန်ယူဆောင်ရွက်သည့် *စာမျက်နှာ ၃ ကော်လံ ၃* ❖

မြစ်ရေကြီးခြင်း သတိပေးချက်

နေပြည်တော် ဇူလိုင် ၁၉

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ခန္တီးမြို့၌ ၁၁၅၃ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၄၈ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၃၆၀ စင်တီမီတာသို့ ရောက်ရှိနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ယနေ့မွန်းလွဲ ၁၂ နာရီခွဲအချိန် တိုင်းထွာချက်အရ ဟုမ္မလင်းမြို့၌ ၂၈၁၅ စင်တီမီတာသို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် ယနေ့မွန်းတည့်မှ နောက် ၂၄ နာရီအတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၉၀၀ စင်တီမီတာအထက်သို့ ကျော်လွန်ရောက်ရှိနိုင်ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက သတင်းထုတ်ပြန်သည်။ **(သတင်းစဉ်)**

20-7 (20).pmd 1 7/20/2011, 2:04 AM